၆၆(ဃ): စစ်မှန်သည့် ပြောင်းလဲခြင်းမရှိ

66(d): No real change

ဆက်သွယ်ရေးဥပဒေမပြင်ဆင်ရသေးခင်နှင့်
၂၀၁၇ခုနှစ် ပြင်ဆင်ချက်အပြီးကာလအတွင်း
တိုင်ကြားမှုများအကြောင်း
ခွဲခြမ်းစိတ်ဖြာလေ့လာချက်

An analysis of complaints
made before and after
the 2017 legal amendment

ဒီဇင်ဘာ ၂၀၁၇

December 2017

FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

ကျေးဇူးတင် အသိအမှတ်ပြုခြင်း

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် သုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သူအားလုံးကို FEM မှ ကျေးဇူး တင်ကြောင်း ပြောကြားလိုပါသည်။

FEM မိတ်ဆက်

လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)] သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အရေးတွင် နှံ့စပ်သော၊ ဥပဒေပြုပြင်ပြောင်း လဲရေးတွင် ပါဝင်ဆောင်ရွက်နေသော၊ ဥပဒေချိုးဖောက်ခံရသူများကို ကာကွယ်နေသော၊ ထို့အပြင် အကောင်းဆုံး နိုင်ငံတကာ အလေ့အထကောင်းများကို အလေးဂရုပြုလာအောင် လုပ်ဆောင်နေသော အဖွဲ့ အစည်းတစ်ခု ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် ဥပဒေချိုးဖောက်မှုဆိုင်ရာ အထောက်အထားများ ကောက်ယူဖော်ပြရန်နှင့် လိုအပ်နေသည့် သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများ အလေးထားဂရုပြုလာရန် FEM ၏ ရည်ရွယ်ချက် တစိတ်တစ်ပိုင်းဖြစ်ပါသည်။

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

တို့တွင် ကျေးဇူးပြု၍ ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

FEM ၏ မိတ်ဖက်အဖွဲ့များ

ယခုအစီရင်ခံစာအတွက် FEM ၏ မိတ်ဖက်အဖွဲ့များမှာ Myanmar ICT for Development (MIDO) နှင့် ဆက်သွယ်ရေးဥပဒေဆိုင်ရာ သုတေသနအဖွဲ့ တို့ ဖြစ်ကြသည်။

သုတေသနစီမံကိန်းအား Heinrich Böll Stiftunge.V ၏ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

Acknowledgements

FEM wants to thank all the research participants involved in this report.

About FEM

Free Expression Myanmar (FEM) is a national human rights organisation that is expert in free expression and information, engaging in legal reform, defending victims of violations, and promoting best international standards.

This report forms part of FEM's objective to build evidence of violations and promote appropriate and needed reforms. See:

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

FEM's partners

FEM's partners for this report were Myanmar ICT for Development (MIDO) and the Research Team For Telecomunications Law.

This project was delivered in cooperation with the Heinrich-Böll-Stiftunge.V.

The cover image is an algorithmic visual representation of the internet. Copyright to Mike Lee www.opte.org/maps/

၆၆(ဃ): စစ်မှန်သည့် ပြောင်းလဲခြင်းမရှိ
66(d): No real change

ဆက်သွယ်ရေးဥပဒေမပြင်ဆင်ရသေးခင်နှင့် ၂၀၁၇ခုနှစ် ပြင်ဆင်ချက်အပြီးကာလအတွင်း တိုင်ကြားမှုများအကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာချက်

An analysis of complaints made before and after the 2017 legal amendment

ဒီဇင်ဘာ ၂၀၁၇

December 2017

စာတမ်းအနှစ်ချုပ် - Executive summary

ပြီးခဲ့သော နှစ်နှစ်ကာလအတွင်း အာဏာရှိသူတို့သည် ၎င်းတို့၏လုပ်ရပ်အပေါ် ဝေဖန်မေးခွန်းထုတ်သူ များအား ပုဒ်မ ၆၆(ဃ)ကို လက်နက်သဖွယ် ရွေးချယ်အသုံးပြု၍ အပြစ်ပေးခဲ့ပါသည်။ အစိုးရ၏ ၂၀၁၇ ခုနှစ် သြဂုတ်လက ပုဒ်မ ၆၆(ဃ) ပြင်ဆင်ချက်သည် သိသာထင်ရှားသော ထိရောက်မှု မရှိခဲ့ပါ။

ဤအစီရင်ခံစာတွင် အဘယ်ကြောင့် ပုဒ်မ ၆၆(ဃ)သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်နေ ကြောင်းကို ရှင်းလင်းထားပြီး တရားဝင်ဆွေးနွေးငြင်းခုန်မှုကို ဖြတ်တောက်တားဆီးရန် ပုဒ်မ ၆၆(ဃ)ကို အသုံးပြုနေဆဲဖြစ်ကြောင်း ထင်ရှားသည့်အထောက်အထားများကို ကောက်ယူဖော်ပြထားပါသည်။ အဓိက ရှာဖွေတွေ့ရှိမှုများတွင် အောက်ပါအချက်များ ပါဝင်ပါသည် -

- ပုဒ်မ ၆၆(ဃ) အမှု အများစုသည် အာဏာရှိသူများက ၎င်းတို့အပေါ် ဝေဖန်သူများကို တိုင်တန်းထား ခြင်း ဖြစ်သည်။
- အချက်အလက်နှင့်အခိုင်မာပြောခြင်းမရှိသည့်အတွက် အသရေဖျက်မှု မမြောက်နိုင်သောထုတ်ဖော် အတွေးအမြင်သဘောဆောင်သည့် ပြောဆိုချက်များပေါ်တွင် ပုဒ်မ ၆၆(ဃ)အမှု အများစုသည် အခြေခံထားသည်။ ထုတ်ဖော်ပြောဆိုချက်အများစုသည် ချီးကျူးမြောက်ပင့်မထားသော အမြင်များ ဖြစ်သည်။ အသရေဖျက်မှုမြောက်နိုင်သော အမှုများအတွက်မူ တရားရုံးများက ရာဇသတ်ကြီးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခုခံကာကွယ်ပိုင်ခွင့်များကို အသုံးပြုခြင်းမရှိပါ။
- ပုဒ်မ ၆၆(ဃ) မှ အချက် (၃) ချက်ကို ဖယ်ရှားလိုက်သည့် ၂၀၁၇ ခုနှစ် သြဂုတ် ဥပဒေပြင်ဆင်ချက်နောက်ပိုင်းတွင်လည်း ၆၆(ဃ)ဖြင့် အမှုများ တိုင်ကြားနေဆဲ ဖြစ်သည်။ ပယ်ဖျက်ခဲ့သော အချက်သုံးချက်သည် မည့်သည့်အခါကမှ တိုင်ကြားရာတွင် အသုံးပြုခြင်းမရှိသော အချက် များဖြစ်သည့်အတွက် ဥပဒေပြင်ဆင်ချက်သည် ၆၆(ဃ)၏ မြင်ကွင်းအပေါ် သိသိသာသာ ထိရောက်ခြင်းမရှိခဲ့ပါ။
- တိုင်ကြားခံရသူသည် အမြဲတစေ ပြစ်မှုထင်ရှားပြီး အပြစ်ဒဏ်မှာ ပြစ်မှုနှင့်မမျှလောက်အောင် ပြင်းထန်သည်။ တရားခွင်တိုင်းတွင် ထောင်ဒဏ်သာ ချမှတ်ပြီး ငွေဒဏ်ချမှတ်ခြင်း လုံးဝမရှိသေးပါ။
- သေးငယ်သော၊ စစ်ဆေးခြင်းမရှိသော၊ မခိုင်မာသော သက်သေအထောက်အထားများကို အခြေခံ၍ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်သည်။ ကံဆိုးသည်မှာ ထိုအချက်ကို တရားရုံးများက သတိထားမိခြင်း (သို့) အကောင်းဘက်သို့ ပြောင်းလဲလာစေရန် ကြိုးပမ်းခြင်းရှိ မရှိဆိုသည်ကို မရှင်းလင်းချေ။
- အွန်လိုင်းပေါ်မှ လိင်အခြေပြု အကြမ်းဖက်မှု ကြုံတွေ့နေရသော အမျိုးသမီးများကဲ့သို့ အမှန်တကယ် စစ်မှန်သည့်တိုင်စရာ ကိစ္စရပ်များရှိသော သူများသည် အခြားအားကိုးစရာဥပဒေ မရှိသည့်အတွက် ဤမသင့်တော်သော ဥပဒေကို မလွှဲသာမရှောင်သာ အသုံးပြုနေရသည်။

Over the past two years, Article 66(d) has been the tool of choice for those in positions of power who want to punish those who are trying to hold them accountable. The government's amendment of 66(d) in August 2017 has had no discernible impact on this.

This report explains why 66(d) violates the right to freedom of expression and establishes clear evidence of how 66(d) is still being used to censor legitimate debate. Key findings include:

- The majority of cases under 66(d) are powerful people complaining about those who criticise them.
- Most complaints under 66(d) are based on expression that cannot be defamatory because there is no assertion of fact. Most expressions are unflattering opinions. For the cases that could potentially be defamation, the courts do not use the definitions or defences in the Penal Code.
- 66(d) complaints have continued since the August 2017 amendment removed three grounds for complaint. Those three grounds were never used anyway so the amendment has no discernible impact on the scope of 66(d).
- Defendants are always convicted and sentences are disproportionately harsh. Every court has given a prison sentence and none has given a fine.
- Convictions are made on the admission of minimal, untested, and unreliable evidence. Unfortunately, it is unclear whethercourts recognise this or are trying to improve it.
- People with legitimate complaints, such as women who are facing gender-based violence online, are forced to use this inappropriate law because no other exists.

အရပ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရပိုင်းမှ တာဝန်ရှိသူများအနေဖြင့် ဤအထောက်အထားကို ဆက်သွယ် ရေးဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆(ဃ) ရုပ်သိမ်းရေး လုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ရာတွင် အသုံးပြု မည်ဟု FEM အနေဖြင့် မျှော်လင့်ပါသည်။

FEM's expectation is that this evidence will be used by a range of stakeholders in civil society and in government to continue the process of reforming the Telecommunications Law and repealing 66(d).

အကြံပြုချက်များ

ဥပဒေ

- ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ကို ရုပ်သိမ်းသင့်ပါသည်။
- ဆက်သွယ်ရေးဥပဒေပါ အခြား ပြဿနာရှိသော ပုဒ်မ ၄၊ ၅ မှ ၈၊ ၁၈၊ ၄၀၊ ၆၆၊ ၆၈ နှင့် ၇၅ မှ ၇၇ တို့ကို ပြင်ဆင်သင့်ပါသည်။
- အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃- ၃၄ အပါအဝင် အွန်လိုင်းပေါ်ရှိ စစ်မှန်သည့် လွတ်လပ်စွာထုတ်ဖော်ရေးသား ပြောဆိုမှု များကို ထိန်းချုပ်နေသည့် အခြားသော ပြဿနာရှိသည့် ဥပဒေများကိုပါ ပြင်ဆင်သင့်သည်။
- အသရေဖျက်မှုကို ရာဇဝတ်မှုမှ လျှော့ချရန် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သင့်သည်။ ယင်းအစား ပြည်သူဝန်ထမ်းများမှ ပိုမိုကြီးမားသည့် ဝေဖန်မှုများကို သည်းခံရမည်၊ စစ်တပ်အပါအဝင် ပြည်သူအဖွဲ့အစည်းများ တွင် အသရေဖျက်ခံရခြင်း မရှိနိုင်ပါ စသည့်အချက်များနှင့် နိုင်ငံတကာ စံနှုန်းများပါ အကာအကွယ်အားလုံးပါဝင်သော အသရေဖျက်ခြင်း တရားမမှုဥပဒေကို ပြဋ္ဌာန်းသင့်ပါသည်။
- အီလက်ထရွန်နစ် အထောက်အထား၏ စစ်မှန်မှု၊ ခိုင်မာမှုနှင့် လက်ခံနိုင်မှုတို့ကို စစ်ဆေးရန် မူဘောင်တစ်ခု ချမှတ်ရေးအတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့် (သို့မဟုတ်) လက်ရှိ ဥပဒေများကို ပြင်ဆင် သင့်ပါသည်။
- ကျားမကွဲပြားမှုအခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့်ပါသည်။
- ဥပဒေနှင့် ဥပဒေကြမ်းများ အမှန်တကယ် လိုအပ်မှုရှိမရှိနှင့် ဥပဒေအချင်းချင်း ဆင်တူနေခြင်း (သို့) ဥပဒေချင်း ပဋိပက္ခဖြစ်မဖြစ် အကဲဖြတ်စစ်ဆေးရန် ဥပဒေနှင့် ဥပဒေကြမ်း အားလုံးကို ပြန်လည် သုံး သပ်သင့်ပါသည်။ အထူးသဖြင့် ပြစ်မှုဆိုင်ရာပြဋ္ဌာန်းချက်များအားလုံး အခြားဥပဒေများတွင် မဖော်ပြဘဲ ရာဇသတ်ကြီးဥပဒေ၌သာ ပြဋ္ဌာန်းဖော်ပြသင့်ပါသည်။
- ဥပဒေသစ်တစ်ခုချင်းစီ (သို့) ပြင်ဆင်ချက်တစ်ခုချင်းစီအတွက် တာဝန်ရှိသူ stakeholder အများအပြား ပါဝင်သည့် ထိရောက်သော တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်သင့်ပါသည်။

တရားစီရင်ရေးနှင့် တရားရုံးများ

- ဌာနတွင်းလမ်းညွှန်ချက်များနှင့် သင်တန်းများ၊ ကျွမ်းကျင်ပညာရှင်များ၏ အချိုးကျမျှတသော သက်သေထွက်ဆိုချက်အမြင် အပါအဝင် တရား စီရင်ရာတွင် အမှီအခိုကင်းမှု၏ အရေးပါပုံတို့မှ တဆင့် တရားသူကြီးများကို အရည်အသွေး မြှင့်တင်သင့်ပါသည်။

Recommendations

Law[1]

- Repeal Article 66(d) of the Telecommunications Law.
- Amend the other problematic articles in the Telecommunications Law, namely Articles 4, 5-8, 18, 40, 68(a) and 75-77.
- Amend other problematic laws restricting legitimate online expression, including Articles 33-34 of the Electronic Transactions Law.
- Amend the Penal Code to decriminalise defamation. Adopt a civil defamation law instead that includes: public officials must tolerate greater criticism, public bodies including the military cannot be defamed, and all defences in international standards.
- Adopt a law or amend current laws to make a framework for testing the authenticity, reliability, and admissibility of electronic evidence.
- Adopt a law on gender-based violence.
- Carry out reviews of all laws and bills to assess whether they are necessary and whether they duplicate or conflict with other laws. In particular, ensure that all criminal provisions are in the Penal Code, rather than other laws.
- Carry out effective multi-stakeholder consultations for each new law or amendment.

Judiciary and courts

- Impress on judges, through internal guidelines and training, the importance of judicial independence, including the balanced treatment of expert testimony.

- အီလက်ထရွန်နစ် အထောက်အထား၏ စစ်မှန်မှု၊ ခိုင်မာမှုနှင့် လက်ခံနိုင်မှုကိုစမ်းသပ်စစ်ဆေးရန် အတွက် တရားစီရင်ဆိုင်ရေး ဌာနတွင်း လမ်းညွှန်ချက်များ ထုတ်ပြန်ထားသင့်ပါသည်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အီလက်ထရွန်းနစ် အထောက်အထားတို့နှင့် ပတ်သက်၍ နိုင်ငံတကာ စံနှုန်းများအတိုင်း တရားသူကြီးများကို သင်တန်းပို့ချသင့်ပါသည်။
- သင့်လျော်သည့် အပြစ်ဒဏ်များ ချမှတ်ရေးအတွက် ဌာနတွင်း လမ်းညွှန်များ ရေးဆွဲပြုစုရန် ရည် မှန်းချက်ဖြင့် ပြစ်မှုစီရင်နှုန်းနှင့် အပြစ်ဒဏ်များကို သုံးသပ်ချက်ပြုလုပ်သင့်ပါသည်။

အစိုးရနှင့် ပြည်သူ့ဝန်ထမ်းများ

- အစိုးရနှင့် ပြည်သူ့ဝန်ထမ်းများ၏ လုပ်ဆောင်ချက်၊ လုပ်ဆောင်ပုံတို့ကို ဝေဖန်မှုများအတွက် ပုဒ်မ ၆၆(ဃ) အသုံးပြု တိုင်ကြားခြင်း ကိုရပ်တန့်ပါ။ ထိုသို့ ပုဒ်မ ၆၆(ဃ) အသုံးပြု တိုင်ကြားခြင်း ကိုရပ်တန့်ရန်အတွက် အဖွဲ့အစည်းအတွင်း စည်းမျဉ်းထုတ်ပြန် ပြဋ္ဌာန်းသင့်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

- ပုဒ်မ ၆၆(ဃ) အား အပြီးတိုင်ပယ်ဖျက်ခြင်းကို တိုက်တွန်းရန်အတွက် ယခုအစီရင်ခံစာပါ သက်သေအထောက်အထားများကို အသုံးပြုပါ။
- ပုဒ်မ ၆၆(ဃ) တိုင်ကြားချက်များကို လေ့လာစောင့်ကြည့်ပြီး၊ ဂျာနယ်လစ်များကို တရားခံအဖြစ် စွဲဆိုတိုင်ကြားသည့်အခါ အများပြည်သူသို့ သဘောထားကြေညာချက်ထုတ်ပြန်ပါ။ ထို့အပြင် အသရေဖျက်ခြင်း နှင့် အကြိုက်မဆောင်သည့် အမြင်ကိုခွဲခြားသတ်မှတ်ရာတွင် ခုခံပေးရမည့် ရှေ့နေအား ကျွမ်းကျင်ပညာရှင်အဆင့် သုံးသပ်ချက်အမြင်များ ထောက်ပံ့ပေးသင့်သည်။

အရပ်ဖက်လူအဖွဲ့အစည်းနှင့် မီဒီယာ

- ပုဒ်မ ၆၆(ဃ) အား အပြီးတိုင်ပယ်ဖျက်ခြင်းကို တိုက်တွန်းရန် အတွက် ယခုအစီရင်ခံစာပါ သက်သေအထောက်အထားများကို အသုံးပြုပါ။
- ပုဒ်မ ၆၆(ဃ) အသုံးပြု တိုင်ကြားခြင်းများကို ရပ်တန့်ပါ။ ဆက်လက်အသုံးပြုနေခြင်းက ပုဒ်မ ၆၆(ဃ) ကို အားပေးနေခြင်း၊ အကာကွယ်ပေးနေခြင်း နှင့် ပိုမိုစစ်မှန်ဘောင်ဝင်အောင် ပြုလုပ်နေခြင်းမျိုး ဖြစ်နေသည်။
- အသရေဖျက်ခြင်းကဲ့သို့သော လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်နေသည့် သက်ဆိုင်ရာ ဥပဒေ နှင့် စည်းမျဉ်းများ အကြောင်း ဂျာနယ်လစ်များနှင့် အယ်ဒီတာများအား လေ့ကျင့်သင်ကြားထားပေးသင့်သည်။
- ဆောင်းပါးနှင့် ဖော်ပြချက် ဇာတ်လမ်းများသည် အသရေဖျက်မှုမြောက်လာနိုင်သလား၊ သို့မဟုတ် အကြိုက်မဆောင်သည့် အမြင်အပေါ် သည်းမခံနိုင်ခြင်း ဖြစ်လာနိုင်သလား ဆိုသည်ကို ခွဲခြားနိုင်ရန် ပုဒ်မ ၆၆(ဃ) တိုင်ကြားမှုများကို ဆန်းစစ်လေ့လာပါ

- Issue internal judicial guidelines for testing the authenticity, reliability, and admissibility of electronic evidence.
- Train judges on international standards relating to freedom of expression and electronic evidence.
- Conduct a review of conviction rates and sentencing with the intention to develop internal guidelines on appropriate sentencing.

Government and public officials

- Stop making complaints under 66(d) for criticism of your conduct, or your character in doing that conduct. Issue internal guidance saying this.

Myanmar Press Council

- Use the evidence in this report to push for full repeal of 66(d).
- Monitor complaints made under 66(d) and when journalists are defendants, make public statements and give defence lawyers expert testimony on defining defamation and unflattering opinion.

Civil society, media

- Use the evidence in this report to push for full repeal of 66(d).
- Stop making complaints under 66(d). Using the law reinforces, justifies and legitimises it.
- Train editors and journalists on laws and legal principles relating to the limitation of freedom of expression such as defamation.
- Examine complaints under 66(d) to ensure that articles and stories properly identify whether cases could potentially be defamation or just intolerance of unflattering opinion.

International community

- Use the evidence in this report to push for full repeal of 66(d).
- Support programmes advocating for full repeal of 66(d).

နိဂုံးတကာလူအဖွဲ့အစည်း

- ပုဒ်မ ၆၆(ဃ) အား အပြီးတိုင်ပယ်ဖျက်ခြင်းကို တိုက်တွန်းရန် အတွက် ယခုအစီရင်ခံစာပါ သက်သေအထောက်အထားများကို အသုံးပြုပါ။
- ပုဒ်မ ၆၆(ဃ) အား အပြီးတိုင်ပယ်ဖျက်ခြင်းကို တိုက်တွန်းနှိုးဆော်သည့် စီမံကိန်းများအား အထောက်အပံ့ပေးသင့်သည်။
- (လွှတ်တော်အမတ်များအပါအဝင်) ပြည်သူ့ဝန်ထမ်းများ နှင့် (ပညာရေးသင်ရိုး နှင့် ပြည်သူ့သတင်းအချက်အလက် ကန်မ်ပိန်းများမှတဆင့်) လူထုအား ဒစ်ဂျစ်တယ်စာတတ်မြောက်ရေးနှင့် မတူကွဲပြားမှုများအပေါ် သည်းခံစွမ်းရည်တိုးမြှင့်ရန် ပြုလုပ်သည့် စီမံကိန်းများအား အထောက်အပံ့ပေးသင့်သည်။

- Support programmes to train public officials (including MPs) and the general public (through education curriculum and public information campaigns) in digital literacy and tolerance of diversity.

နိဒါန်း - Introduction

မြန်မာနိုင်ငံတွင် အင်တာနက် သုံးစွဲနိုင်ခြင်းနှင့် မိုဘိုင်းဖုန်းအသုံးပြုမှုသည် ကိစ္စသစ်တစ်ရပ် ဖြစ်ပါသည်။ ထို့ အတူ မြန်မာသည် ကမ္ဘာပေါ်တွင် အဆက်အသွယ်အပြတ်တောက်ဆုံး နိုင်ငံများထဲမှ တစ်ခုအဖြစ် ရပ်တည် နေဆဲဖြစ်ပါသည်။ စစ်အစိုးရသည် ၂၀၁၀ ပြည့်နှစ်အထိ ပြည်သူများ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နိုင်သည့် နည်းပညာများ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ခဲ့ပါသည်။ ၂၀၁၀ မှစ၍ အင်တာနက်အသုံးပြုနိုင်သူ လူဦးရေမှာ ၁ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ပြည်သူအများအပြားသည် လက်ရှိတွင် အင်တာနက်၊ အထူးသဖြင့် လူမှုမီဒီယာကို သတင်းအချက်အလက် စုစည်းရန်နှင့် ၎င်းတို့အချင်းချင်း ဆက်သွယ်ရန် အဓိက အားထားလာကြပါသည်။

ကိန်းဂဏန်း	မြန်မာ	အာရှ
ပညာသင်ကြားသောပျမ်းမျှ နှစ်ကာလအတွင်း အလယ်တန်းကျောင်းအပ်သော %	၄.၇ ၅၁%	၈၈%
လူ ၁၀၀ လျှင် မိုဘိုင်းဆင်းကတ်အသုံးပြုသူ	၉၃	၉၉
အင်တာနက်သုံးစွဲသူ % အင်တာနက်သုံးစွဲသောအိမ်ထောင်စု % လူတစ်ဦးချင်းအလိုက် အင်တာနက် Bandwith (kbit/s)	၂၅% ၂၄% ၆.၄	၄၂% ၄၆% ၄၈

အင်တာနက်သည် ကမ္ဘာနှင့်ဆိုင်သော လူထုနေရာတစ်ခုဖြစ်လာနေပြီး၊ လူအများ တစ်ဦးနှင့် တစ်ဦး ပွင့်လင်းစွာဆက်သွယ်ချိတ်ဆက် မျှဝေနိုင်သည့် နေရာအဖြစ် အရေးတကြီး ကြီးထွားလာခဲ့သည်။ ယင်းသို့ အင်တာနက်ကြီးထွားလာသည်နှင့်အမျှ အစိုးရ အပါအဝင် အိုဟောင်းနေသည့် အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် ပါဝါတည်ဆောက်မှုပုံစံတို့မှာ ဥပဒေအသစ်၊ အလေ့အထအသစ်များဖြင့် တုံ့ပြန်စိန်ခေါ်ခြင်းခံလာရသည်။ မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်သည် အကန့်အသတ်များရှိကာ နေးကွေးနေပြီး ၂၁ ရာစုအတွင်း ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အလွန်အလွန် မသင့်လျော်သော အနေအထားရှိနေပါသည်။ ၂၀၁၃ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)သည် တည်ငြိမ်မှုမရှိ လျှပ် ခတ်နေသည့် ဥပဒေရေးရာမူဘောင်၏ နာမည်ဆိုးနှင့်အကျော်ကြားဆုံး သင်္ကေတတစ်ခုဖြစ်လာနေပါသည်။ အာဏာရှိသူတို့နှင့်ပတ်သက်၍ အမှန်တရားပြောဆိုသူများကို ဖိနှိပ်၊ အပြစ်ပေးသော လက်နက်တစ်ခုအဖြစ် လည်း မီဒီယာနှင့် အွန်လိုင်းပေါ်တွင် အမြဲလိုလို မြင်တွေ့နေရပါသည်။

Internet access and mobile phones are comparatively new in Myanmar and the country remains one of the most disconnected countries in the world. Until 2010, the military government had strict controls on any technology that people could use to communicate with one another. Since 2010, access to the internet has grown from 1% of the population to 25% and many more people now rely on it, particularly social media, for gathering information and communicating with each other.

Statistics[2]	Myanmar	Asia
Average years of schooling % of secondary enrolment	4.7 51%	88%
Mobile phone SIMs per 100 people	93	99
% of people using the internet % of households with internet Internet bandwidth per person (Kbit/s)	25% 24% 6.4	42% 46% 48

The internet has become a global public space that is rapidly growing in importance as people can openly communicate and share with one another. As the internet grows, old hierarchies and power-structures, including governments, react to being challenged with new laws and practices. In Myanmar, the internet is regulated under a legal framework that is restrictive, stagnant, and largely unsuitable for a democracy in the twenty-first century. Article 66(d) of the Telecommunications Law (2013) has become the most notorious symbol of the unsuitability of the legal framework, regularly appearing in the media and online as a tool to repress and punish those speaking truth to power.

၆၆၊မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြင့်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ...
(ဃ)ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအားခြောက်လှန့်ထောင်းပုတ်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်း
-ဆက်သွယ်ရေးဥပဒေ (၂၀၁၃ တွင် ပြင်ဆင်ထားချက်အရ)

၂၀၁၇ ပြင်ဆင်ချက်

၆၆(ဃ) ကို အသုံးချနေမှုနှင့်ပတ်သက်၍ ပြည်သူလူထုက ဝေဖန်မှုများ ပျံ့နှံ့နေသည့်အတွက် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် (NLD)အစိုးရသည် ယင်းပုဒ်မကို ပြင်ဆင်မည့် ရည်ရွယ်ချက်ကို ၂၀၁၇ ခုနှစ်တွင် ကြေညာခဲ့ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာ၊ မီဒီယာနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အရေး အထူး ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းအဖွဲ့တစ်ခု ပူးပေါင်းဖွဲ့စည်း၍ ပုဒ်မ ၆၆(ဃ) သည် မြန်မာ့ ဒီမိုကရေစီအကူးအပြောင်းနှင့် အခြေခံကျကျကြီး ဆန့်ကျင်ကွဲလွဲနေသည့်အတွက် ယင်းပုဒ်မကို အပြီးတိုင် ဖျက်သိမ်းရေး အစိုးရကို တိုက်တွန်းခဲ့ကြပါသည်။ ကံအကြောင်းမလှစွာဖြင့် အစိုးရက ပုဒ်မ ၆၆(ဃ)ကို ဖျက်သိမ်းမည့်အစား ယင်းပုဒ်မပါ အချက်အရေအတွက် လျော့ချခဲ့ခြင်း၊ ထောင်ဒဏ်လျော့ချခြင်း၊ အာမခံပေးနိုင်ချေကို တိုးမြှင့်ခြင်း နှင့် တတိယပုဂ္ဂိုလ် (သို့) ကြားလူမှ တရားစွဲဆိုခြင်းကို ကန့်သတ်လိုက်ခြင်း စသည်တို့အပါအဝင်အပြောင်းအလဲ အနည်းငယ်သာပြုလုပ်ခဲ့ပါသည်။

အစီရင်ခံစာ

အခြေခံအားဖြင့် ဒီမိုကရေစီမကျသော ဥပဒေတစ်ရပ်ကို အာဏာရှိသူနှင့် ပတ်သက်၍ အမှန်တရား ထွက်ဆိုသူများအား ဖိနှိပ်အပြစ်ပေးရန် အသုံးချနေသည်ကို အသေးစားပြင်ဆင်ချက်လုပ်ရုံဖြင့် မရပ်တန့် နိုင်ကြောင်း သိရှိသည့်အတွက် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းအဖွဲ့သည် ပုဒ်မ ၆၆(ဃ)ကို အပြီးတိုင် ဖျက်သိမ်းရန် အစိုးရကို တိုက်တွန်းခဲ့ကြပါသည်။ သို့သော် ပူးပေါင်းအဖွဲ့၏ အကြံပေးမှုများ၊ အစိုးရ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးမှုများ လနှင့်ချီ၍ လုပ်ဆောင်ခဲ့သော်လည်း အစိုးရသည် ယင်းပုဒ်မကို မပယ်ဖျက်ခဲ့ပါ။

ပူးပေါင်းအဖွဲ့အနေဖြင့် ဤဖြစ်စဉ်တွင် နားလည်သည်မှာ ၆၆(ဃ)သည် အခြေခံအားဖြင့် ဒီမိုကရေစီနည်း မကျကြောင်း၊ ဆင်ဆာဖြတ်တောက်တား ဆီးရန် အလွယ်တကူ သုံး၍ရကြောင်းနှင့် အပြီးသတ် ဖျက်သိမ်းဖို့လိုအပ်နေ ကြောင်းကို သိရှိနားလည်သော်လည်း အစိုးရနှင့် အခြား တာဝန်ရှိသူများကို မြင်သာအောင် တင်ပြရန် အထောက်မထားမရှိသောကြောင့်ဟု နားလည် မိပါသည်။ ဤအစီရင်ခံစာသည် ယင်းဟာကွက်ကိုဖြည့်ရန် ၆၆(ဃ)ကို မည်သို့အသုံးချနေပုံနှင့်ပတ်သက်၍ မြင်သာပြီး စနစ်ကျသော သုတေသနကို တင်ပြထားခြင်း ဖြစ်ပါသည်။

66. Whosoever convicted of any of the following offences is liable to an imprisonment not exceeding two years or a fine or both … (d) Extorting, defaming, disturbing or threatening a person using a telecommunication network.
- Telecommunications Law (as amended in 2017)

2017 amendment

The National League for Democracy (NLD) government announced in 2017 its intention to amend Article 66(d) in response to widespread public criticism of how it was being used. Civil society organisations specialising in digital technology, media, and freedom of expression formed a broad coalition to urge the government to completely repeal 66(d) as it fundamentally contradicted with Myanmar's transition to democracy. Unfortunately, the government was unwilling to repeal 66(d) and instead made only small changes, including reducing the number of grounds for making a complaint, lowering the prison sentence, increasing the likelihood of bail, and stopping third parties from making a complaint.

The report

The coalition of civil society organisations urged the government to completely repeal Article 66(d) because they believed that minor tweaks would not stop a fundamentally anti-democratic law from being used to repress and punish those speaking truth to power. However, despite the coalition's collective expertise and months of government advocacy and multi-stakeholder meetings, the government did not repeal.

The coalition learned that there is a lack of evidence to prove to the government and other stakeholders that 66(d) is fundamentally undemocratic, easily used to censor, and needs complete repeal. This report seeks to fill that gap by presenting clear, methodological research on how 66(d) has been used.

ပုံစံ

ဤအစီရင်ခံစာကို နိဒါန်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အကြောင်း နောက်ကြောင်းရာဇဝင်နှင့် ပုဒ်မ ၆၆(ဃ)ကို နိုင်ငံတကာ စံနှုန်းများအရ စိစစ်သုံးသပ်ချက်၊ သုတေသနမှ ရှာဖွေတွေ့ရှိချက်များနှင့် နိဂုံးဟူ၍ ကဏ္ဍလေးခုဖြင့် ဖွဲ့စည်းထားပါသည်။ ရှာဖွေတွေ့ရှိချက်များ ကဏ္ဍသည် တိုင်ကြားသူများ၊ တရားခံများ၊ ပါတီနှစ်ခုကြား ဆက်ဆံရေး၊ တိုင်ကြားသူအတွက် တိုင်ကြားရန်အကြောင်းပြချက်များ၊အမှုများ ဖြေရှင်းပုံနှင့် လုပ်ထုံးလုပ်နည်း ဆိုင်ရာ ကိစ္စရပ်များ အပေါ် သုံးသပ်ချက်ဖြစ်ပါသည်။ အကြံပြုချက်များကို အနှစ်ချုပ်တွင် တွေ့ရှိနိုင်ပါသည်။

သုတေသန နည်းပညာ

FEM သည် primary သုတေသနနှင့် secondary သုတေသန Desk သုတေသနနှင့် field-work ကွင်းဆင်း သုတေသန၊ အရည်အသွေးနှင့် အရေအတွက်အခြေပြု အချက်အလက်၊ သုတေသနသမားတစ်ဦးက ကြီးမှူးခြင်မေးရသော structured အင်တာဗျူးနှင့် ကြိုတင်စီစဉ်မထားဘဲ မေးသော unstructured အင်တာဗျူး စသည်တို့ အပါအဝင် သုတေသန နည်းပညာများကို ရောစပ် အသုံးပြုခဲ့ပါသည်။ သုတေသနကို ယခင်နှစ်အတွင်း ပြုလုပ်ခဲ့ပါသည်။ သို့သော် အထူးသဖြင့် ၂၀၁၇ မေနှင့် ၂၀၁၇ နိုဝင်ဘာ အတွင်း ဖြစ်ပါသည်။

လွှမ်းခြုံမှု/နယ်ပယ်နှင့်ကာလ

အစီရင်ခံစာသည် ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းချိန်နှင့် ဤအစီရင်ခံစာ ထွက်သည့်အချိန်ကြားကာလ၊ ၂၀၁၅ နိုဝင်ဘာနှင့် ၂၀၁၇ နိုဝင်ဘာ ကြားကာလတို့အတွက် အကျုံးဝင်ပါသည်။ နိုင်ငံတစ်ဝန်းလုံးရှိ အမှုအားလုံးကို လွှမ်းခြုံပါသည်။

အကန့်အသတ်များ

အစီရင်ခံတွင်ပါဝင်သော အမှုများမှာ FEM မှ သုတေသန ကာလအတွင်း လေ့လာဖော်ထုတ်နိုင်ခဲ့သော အမှု များသာ ဖြစ်ပါသည်။ လူ့အခွင့်အရေး ကာကွယ်သူများ၏ ကွန်ရက်နှင့် နိုင်ငံတစ်ဝန်းမှ သတင်းထောက်များ ၏ သတင်း အချက် အလက်ပံ့ပိုးပေးမှုကို ရရှိသော်လည်း ရဲနှင့်တရားရုံးများ၏ ပွင့်လင်းမှုမရှိ၊ နားလည်ရခက်ခဲသော လုပ်ဆောင်မှုကလည်း အချို့အမှုများ မည်သူမျှသတိမထားမိစေခဲ့သည့် အကြောင်းရင်းတစ်ရပ် ဖြစ်နိုင်ပါသည်။

Structure

The report is formed of four sections: introduction; background on freedom of expression and an analysis of Article 66(d) under international standards; findings of the research; and conclusion. The findings section is broken down into an analysis of: the complainants; the defendants; the relationship between both parties; the grounds for the complaint; how the cases were resolved; and procedural issues. Recommendations can be found in the executive summary.

Methodology

FEM used a mixture of research methodologies, including primary and secondary research, desk and field-work, qualitative and quantitative data, and structured and unstructured interviews. Research was carried out over the past year, but particularly between May 2017 and November 2017.

Scope

The report covers the period of time between the adoption of the law and the report's publication, November 2015 to November 2017. The report covers all cases nationwide.

Limitations

The report includes only those cases that FEM has been able to identify during the research process. Despite the supportive network of human rights defenders and journalists providing information from across the country, the general opaqueness of police and courts may mean that some cases will have been unintentionally overlooked.

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် -
Freedom of expression

လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟ ဖော်ပြနိုင်ခွင့် ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနောင့်အယှက် မရှိဘဲ လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထား ရန်မလိုဘဲ သတင်းအကြောင်း အရာနှင့် သဘောတရား များကိုတစ်နည်းနည်း ဖြင့် လွတ်လပ်စွာ ရှာယူ ဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေဝှမ်းမျှဝေခွင့်တို့လည်းပါဝင်သည်။
- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၁၉

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အခြေခံ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး လွတ်လပ်ပြီး ဒီမိုကရေစီ နည်းကျသော လူ့အဖွဲ့အစည်းတိုင်း၏ အခြေခံအုတ်မြစ် ဖြစ်သည်။ တစ်ဦးချင်းတိုးတက်မှု၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ကျန်အခြားသော လူ့အခွင့်အရေးများကို ကာကွယ်၊ ဖြန့်ဝေအားပေးရန်နှင့် ကျင့်သုံးရန်အတွက် အလွန်အရေးကြီးသော အရာဖြစ်ပါသည်။ ကိုယ့်စိတ်ထဲတွင်ရှိသည်ကို လွတ်လပ်စွာပြောခွင့်ရသူများသည် ပိုမိုလေးစားခံရသည်ဟူသော စိတ်ဖြစ်ပေါ်၍ မိမိဘဝကို ပို၍ကောင်းစွာ စီမံကိန်းချနိုင်သည်။ အစိုးရကို စောင့် ကြည့်သူအဖြစ် လှုပ်ရှားဆောင်ရွက်နိုင်ပြီး အရေးကြီး ဆုံးဖြတ်ချက်များချသည့် ကိစ္စရပ်တိုင်းတွင် ပါဝင်ဆောင် ရွက်နိုင်မည် ဖြစ်သည်။

မြန်မာ အပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် ၎င်းတို့၏နိုင်ငံများတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို အားပေးထောက်ခံပါမည်ဟု ကတိပြုထားပါသည်။ အဆိုပါ ကတိကို ကျွမ်းလုံးဆိုင်ရာ လူ့ အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၁၉၊ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်နှင့် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းတို့တွင်လည်း တွေ့ရှိနိုင်ပါသည်။ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်သည် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင်လည်း ပါရှိပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာဥပဒေတွင် ဤကဲ့သို့ တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်-

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံသားသို့မဟုတ် အခြားသောနောက်ခံအကြောင်းရင်း အရ ခွဲခြားမှုမရှိဘဲ လူတိုင်း ပိုင်ဆိုင်သည်။
- သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ ရယူပိုင်ခွင့်နှင့် ဖြန့်ဝေခွင့်တို့ကိုလည်း ပိုင်ဆိုင်သည်။

Everyone has the right to freedom of opinion and expression; this right includes freedom to hold opinions without interference and to seek, receive and impart information and ideas through any media and regardless of frontiers.
- Article 19 of the Universal Declaration of Human Rights

The right to freedom of expression is a fundamental human right, and the foundation of every free and democratic society. It is important for personal development, good governance, and the protection, promotion and exercise of all other human rights. People who are free to speak their minds feel more respected, are better able to plan their lives, can act as a government watchdog, and can get involved in all sorts of decision-making.

All UN member states including Myanmar have committed to uphold the right to freedom of expression in their countries. This commitment can be found in Article 19 of the Universal Declaration of Human Rights, in the International Covenant on Civil and Political Rights, and in the ASEAN Human Rights Declaration. The right to freedom of expression is included under Article 354 of the Myanmar Constitution.

The right to freedom of expression is precisely defined in international law which says that:

- It belongs to everyone regardless of their nationality or other background.
- It includes the right to seek, receive, and impart information.
- It includes ideas of all kinds, from political to media, to cultural expression, or even to jokes.

- ယင်းအခွင့်အရေးတွင် နိုင်ငံရေးဆိုင်ရာ ရေးသားပြောဆိုချက်များမှမီဒီယာ၊ယဉ်ကျေးမှုနှင့်ဆိုင် သောထုတ်ဖော်ပြောဆိုချက်များအပြင် ဟာသအထိ အတွေးအခေါ်အကြံဉာဏ်အားလုံး ပါဝင် သည်။
- အွန်လိုင်း (သို့) လမ်းပေါ်ထွက်ဆန္ဒပြအထိ မည်သည့်နည်းနှင့်မဆို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို နိုင်သည်။
- နယ်နိမိတ်အကန့်အသတ်များကို ကျော်လွန်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင် သည်။

အဆင့်သုံးဆင့် ဆန်းစစ်ချက်

နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အလွန်ကျဉ်းကြပ်သော အခြေအနေများတွင် ကန့်သတ်နိုင်ပါသည်။ အစိုးရ က ယင်းကဲ့ လုပ်ဆောင်မည့် အလားအလာမျိုးကိုကာကွယ်ရန် နိုင်ငံတကာဥပဒေ တွင် တိကျသော စည်းကမ်းတစ်ရပ် ရှိပါသည်။ အဆင့်သုံးဆင့်ဆန်းစစ်ချက်ဟုခေါ်သော အဆိုပါ စည်းကမ်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြ ဋ္ဌာန်းထားသည် -

- ထင်ရှားတိကျသော ဥပဒေတစ်ရပ်ရှိပါလျှင် ကန့်သတ်နိုင်သည်။ ပြည်သူ့ဝန်ထမ်းအရာရှိများသည် ၎င်းတို့စိတ်တိုင်းကျ တားဆီးဖြတ်တောက်ပိုင်ခွင့် မရှိပါ။
- တစ်ပါးသူ၏ အခွင့်အရေး (သို့) ဂုဏ်သိက္ခာ (သို့) နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူလူထု လုံခြုံရေးပြည်သူ့ကျန်းမာရေး (သို့) ပြည်သူ့ကိုယ်ကျင့်တရားကို ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကန့်သတ်နိုင်သည်။ လက်ခံနိုင်သည့် အခြားရည်ရွယ်ချက် မရှိပါ။
- ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း အရေးပေါ်ဆောင်ရွက်ရန် လိုအပ်သောကိစ္စကို ဖြေရှင်းရန်အ တွက် ကန့်သတ်နိုင်သည်။ ထို့အပြင် ထိခိုက်နစ်နာမှုနှင့် အချိုးညီသော ကန့်သတ်ချက်ကိုသာ ပြုလုပ်ရမည်။

ဆက်သွယ်ရေးဥပဒေ

နိုင်ငံအားလုံးတွင် အကျိုးရှိပြီး ထိရောက်ရန် တယ်လီဆက်သွယ်ရေးကို စည်းကမ်းထိန်းချုပ်သည့် ဥပဒေများ ရှိကြပါသည်။ တယ်လီဆက်သွယ်ရေးတွင် မိုဘိုင်းဖုန်း၊ အင်တာနက်၊ အီးမေးလ်၊ လူမှုမီဒီယာတို့ ပါဝင်သည့် အတွက် စည်းမျဉ်းစည်းကမ်းများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အနောက်အယှက်မပေးမိစေရန် အထူးဂရုပြုဖို့ လိုအပ်ပါသည်။

- It can be expressed through any way, such as online or in street protests.
- It applies regardless of borders.

The three-part test

According to international law, the right to freedom of expression can be limited in very narrow circumstances. In order to stop governments from using this possibility, international law has a very precise rule, called the three-part test, which says that freedom of expression can only be limited:

- If there is a clear and precise law – public officials cannot just censor as they like.
- If the limitation aims to either protect the rights or reputations of others[3], or protect national security, public order, public health or morals[4]. There are no other acceptable aims.
- If the limitation is necessary in a democratic society to address a pressing need, and only if the limitation is proportionate to the harm caused.

The Telecommunications Law

All countries have laws that regulate telecommunications to ensure they are efficient and effective. As telecommunications include mobile phones, internet, email and social media, any regulation must be careful not to undermine the right to freedom of expression.

Myanmar's Telecommunications Law includes the objectives to contribute to the development of Myanmar, provide legal protection to companies and users, and supervise telecommunications to ensure the stability and security of the state. It establishes the Ministry of Transport and Communication.

ဆက်သွယ်ရေးဥပဒေတွင် နိုင်ငံ၏တိုးတက်မှုကို ဖော်ဆောင်ရန်၊ အွန်လိုင်းအသုံးပြုသူများနှင့် ကုမ္ပဏီများကို ဥပဒေဖြင့် အကာကွယ်ပေးရန်၊ တိုင်းပြည်၏ တည်ငြိမ်အေးချမ်းရေးကို အာမခံရန်အတွက် ဆက်သွယ်ရေးကဏ္ဍကို ထိန်းချုပ်ညွှန်ကြားရန်ဟူသော ရည်ရွယ်ချက်များ ပါဝင်သည်။ ဥပဒေမှ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းဖြစ်ပေါ်စေသည်။

သို့သော်၊ ကံဆိုးသည်မှာ မြန်မာ့ ဆက်သွယ်ရေးဥပဒေဥပဒေသည် ဒီမိုကရေစီနည်းမကျသော စည်းကမ်းများ စွာ ပါဝင်နေခြင်းနှင့် အမှီအခိုမကင်းသည့် အစိုးရစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းထားခြင်းတို့ကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်နေပါသည်။

ယင်းဥပဒေသည် မြန်မာ လုံခြုံရေးအဖွဲ့အစည်းများကို သင့်လျော်မှုမရှိသည့် စုံစမ်းထောက်လှမ်းခွင့်အာဏာ ပေးအပ်ထားသည်။ ထို့အပြင် ဒီမိုကရေစီစနစ်တွင် လိုအပ်တောင့်တနေသော လွတ်လပ်စွာထုတ်ဖော်ပြော ဆိုခွင့်နှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်တို့အတွက် အကာအကွယ်တစ်စုံတစ်ရာမရှိဘဲ အွန်လိုင်းပေါ်တွင် ပြောဆို မှုနှင့်ပတ်သက်၍ ပြည်သူများ/အွန်လိုင်းသုံးစွဲသူများကို ပြင်းထန်စွာ ရာဇဝတ်သားအဖြစ် သတ်မှတ်နေကြပါ သည်။

၆၆(ဃ)

ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၄၊ ၅ မှ ၈၊ ၁၈၊ ၄၀၊ ၆၆၊ ၆၈နှင့် ၇၅ မှ ၇၇ တို့သည်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အနှောင့်အယှက်ပေးနေသော ဥပဒေများ ဖြစ်သော်လည်း ၆၆(ဃ)သည် အဆိုးရွား ဆုံးဖြစ်သည်။ ပုဒ်မ ၆၆(ဃ)တွင် ၂၀၁၇ ပြင်ဆင်ချက်အရပြစ်မှုလေးခုပါဝင်သည်။ ယင်းတို့မှာ ခြောက်လှန့်တောင်းယူခြင်း၊ အသရေ ဖျက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့ဖြစ်သည်။

> *၆၆။မည်သူမဆိုအောက်ပါပြဋ္ဌာန်းချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တိုသူအားသုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်... (ဃ)ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအားခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်း*
> **- ဆက်သွယ်ရေးဥပဒေ (၂၀၁၇ တွင် ပြင်ဆင်ထားချက်အရ)**

Unfortunately, however, the Telecommunications Law violates the right to freedom of expression by including many undemocratic rules and creating a non-independent government regulator.

The Law gives the Myanmar security services disproportionate surveillance powers and harshly criminalises users for what they say online, without any of the safeguards for freedom of expression and privacy that are necessary and expected in a democracy.

66(d)

Articles 4, 5-8, 18, 40, 66, 68 and 75-77 of the Telecommunications Law all undermine the right to freedom of expression, but 66(d) is one of the most problematic.[5] Article 66(d) as amended in 2017 includes four different criminal offences - extorting, defaming, disturbing and threatening.

> ***66. Whosoever convicted of any of the following offences is liable to an imprisonment not exceeding two years or a fine or both … (d) Extorting, defaming, disturbing or threatening a person using a telecommunication network.***
> **- Telecommunications Law (as amended in 2017)**

၆၆(ဃ)နှင့် အဆင့်သုံးဆင့် ဆန်းစစ်ချက်

ပုဒ်မ ၆၆(ဃ)သဘ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်နေသည့်အကြောင်းရင်းမှာ အဆင့်သုံးဆင့် ဆန်းစစ်ချက်နှင့် မကိုက်ညီခြင်းဖြစ်သည်။

ဆန်းစစ်ချက် အဆင့် ၁ - ရှင်းလင်းတိကျသော ဥပဒေ

ပုဒ်မ ၆၆(ဃ)အောက်ရှိ ပြစ်မှုလေးခုစလုံးသည် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့်အတွက် နိုင်ငံတကာ ဥပဒေအရ လက်ခံနိုင်ဖွယ်မဟုတ်ပါ။ ရှင်းလင်းပြတ်သားသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသည့်အတွက် ၎င်းတို့ သည် အဓိပ္ပာယ်ဝေဝါးပြီး အလွယ်တကူ တလွဲအသုံးချ၊ အမြတ်ထုတ် ခံရနိုင်ပါသည်။

အဆင့် ၂ - တရားဝင်လက်ခံနိုင်သော ရည်ရွယ်ချက်

ပုဒ်မ ၆၆(ဃ) အောက်ရှိ ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း ဟူသော ပြစ်သုံးခုကို နိုင်ငံတကာဥပဒေတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် တရားဝင်လက်ခံနိုင်သော ရည်ရွယ်ချက်များ အဖြစ် သတ်မှတ်ထားပါသည်။ သို့သော် "နှောက်ယှက်ခြင်း" ပြစ်မှုကိုတော့ လက်ခံခြင်းမရှိပါ။

အပိုင်း ၃ - အမှန်တကယ်လိုအပ်ပြီး အရှိုးညီခြင်း

ပုဒ်မ ၆၆(ဃ) အောက်ရှိ ပြစ်မှုလေးခုစလုံးကို နိုင်ငံတကာဥပဒေတွင် လိုအပ်သော အကြောင်းပြချက် ထည့် သွင်းထားခြင်းမရှိပါ။ ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း (သို့) ခြိမ်းခြောက်ခြင်း ပြစ်မှု တို့သည် မြန်မာနိုင်ငံရာဇသတ်ကြီးဥပဒေတွင် ပါဝင်နေပြီးဖြစ်သည့်အတွက် ပုဒ်မ ၆၆(ဃ)တွင် ထည့်သွင်းရန် မလိုအပ်တော့ပါ။ ယင်းအချက်များကို ရာဇသတ်ကြီးတွင် ထည့်သွင်းထားရုံမျှမက ပို၍ အသေးစိတ်ပြီး ပို၍ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့် ဆိုထားပါသည့်အပြင် ခုခံကာကွယ်ပိုင်ခွင့်အချို့ကိုလည်း ထည့်သွင်းထားပါသည်။

"နှောင့်ကြခြင်း"သည် ဒီမိုကရေစီစနစ်တွင် ရာဇဝတ်မှုဖြစ်ရန် မလိုအပ်ပါ။ အကြောင်းမှာ အကျင့်ပျက်ခြ စားသူနှင့် အမှားလုပ်သူကို ဝေဖန်စွပ်စွဲခြင်းသည် လက်ရှိတွင် တန်ဖိုးအရှိဆုံး ထုတ်ဖော်ပြောဆိုချက်များ ဖြစ် သော်လည်း ထိုသို့သတ်မှတ်ပါက နောင်တွင် အမှားလုပ်သူတို့ကို ဝေဖန်ခြင်းကို အမှားလုပ်သူတို့အတွက် ကြီးမားသော အနှောင့်အယှက်တစ်ခုအဖြစ် သတ်မှတ်လာနိုင်သောကြောင့် ဖြစ်ပါသည်။

66(d) and the three-part test

Article 66(d) violates the right to freedom of expression because it does not pass the three-part test.

Part one of the test – clear and precise law

None of the four crimes listed under 66(d) are acceptable under international law because none are defined. Without a clear definition, they are vague and can be easily misused and abused.

Part two – legitimate aim

Three of the crimes listed under 66(d) – extortion, defamation and threatening – are regarded in international law as legitimate aims for limiting the right to freedom of expression. However, the crime of "disturbing" is not acceptable.

Part three – necessary and proportionate

None of the four crimes listed under 66(d) are regarded as necessary under international law. It is not necessary to include the criminal offences of extortion, defamation, or threatening in 66(d) because each one is already included in Myanmar's Penal Code. Not only are these three already included in the Penal Code, but the Penal Code versions are far better – they are more detailed, more clearly defined, and include some defences.

The crime of "disturbing" is not necessary in a democracy because the most valuable expression, such as allegations of corruption or wrongdoing, would be regarded as highly disturbing to the wrongdoer!

၆၆(ဃ)နှင့် အသရေဖျက်မှု

နိုင်ငံတကာဥပဒေအရ အသရေဖျက်သော ထုတ်ဖော်ပြောဆိုချက်များကို ကာကွယ်တားဆီးရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခွင့်ရှိသည်။ သို့သော် မည်သည့် ကန့်သတ်မှုမျိုးမဆို အဆင့်သုံး ဆင့်ဆန်းစစ်ချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ ဆိုလိုသည်မှာ အကန့်အသတ်ကို ဥပဒေတွင် ရှင်းလင်းပြတ်သားစွာ ရေးသားရမည်ဖြစ်ပြီး ဒီမိုကရေစီစနစ်တွင် အချိုးအစားညီမျှပြီးအမှန်တကယ် လိုအပ်သော ကန့်သတ်မှုဖြစ်ရမည်ဖြစ်သည်။

အသေရဖျက်မှုကို ကာကွယ်ရန် ရည်ရွယ်သည့် ကန့်သတ်မှုများကို နိုင်ငံတကာ တရားရုံးများတွင် နှစ်ပေါင်းများစွာ အသေးစိတ်ဆန်းစစ်ကာ အကျယ်တဝင့် စမ်းသပ်စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။ ရလဒ်အနေဖြင့် အသရေဖျက်မှုဆိုင်ရာ နိုင်ငံတကာ စံနှုန်းများမှာ ပြည့်စုံကျယ်ပြန့်သည်။ အသင့်လျော်ဆုံး နိုင်ငံတကာ စံနှုန်း များတွင် အောက်ပါအချက်များ ပါဝင်ပါသည်

- အသရေဖျက်မှုကို တစ်စုံတစ်ဦး၏ ဂုဏ်သိက္ခာကို အကြောင်းမဲ့တိုက်ခိုက်မှု (အချက်အလက် အမှားကို အခိုင်အမာပြောဆိုခြင်း)ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ချီးကျူးဂုဏ်တင်ခြင်းမဟုတ်သည့် အတွေးအမြင်သည် စော်ကားမှု (သို့) ပုတ်ခတ်မှုတစ်ခု ဖြစ်နိုင်သည်။ သို့သော် ၎င်းတို့သည် အချက် အလက်များ ထုတ်ဖော်ပြောဆိုနေခြင်းမဟုတ်သဖြင့် အသရေဖျက်မှု မမြောက်ပါ။
- အခြားသူတို့၏ စကားလုံးများကို တင်ပြခြင်း၊ အသရေဖျက်ထားသော ထုတ်ဖော်ပြောဆိုမှုတစ်ခုကို မသိဘဲ ပုံနှိပ်/ထုတ်ပြန်ခြင်း (သို့) အချိန်တစ်ခုတွင် မှန်သည်ဟု ထင်သော အရာတစ်ခုကို ကျိုးကြောင်းဆီလျော်စွာ အစီရင်ခံတင်ပြခြင်း တို့သည် အသရေဖျက်မှု မမြောက်ပါ။
- အသရေဖျက်မှုသည် ရာဇဝတ်မှုတစ်ခု မဖြစ်သင့်ပါ။ အသရေဖျက်မှုအတွက် ထောင်ချခြင်းသည် ဒီမို ကရေစီစနစ်တွင် မည်သည့်အခါမှ ပြစ်မှုနှင့်ပြစ်ဒဏ် အချိုးမညီပါ။
- ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် တပ်မတော်အပါအဝင် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များသည် မည်သည့်အခြေအနေတွင်မဆို အသရေဖျက်မှုဖြင့် တိုင်တန်းခြင်း (သို့) တရားစွဲဆိုခြင်း မပြုအပ်ပါ။ ၎င်းတို့တွင် ဝေဖန်မှုများကိုတုံ့ပြန်ရန် အထောက်အကူပြုလက်နက်များ အလုံအလောက် ရှိပြီးသား ဖြစ်သလို တရားဆိုခြင်းသည် ပြည်သူ့ဘဏ္ဍာကို မလျော်ကန်စွာ သုံးစွဲမှု ဖြစ်သည်။
- အုပ်ချုပ်ရေးပိုင်း အရာရှိများ၊ လွှတ်တော်အမတ်များနှင့် သမ္မတအပါအဝင် ပြည်သူ့ဝန်ထမ်းများသည် သာမန်လူထက် ပို၍ ဝေဖန်မှုခံနိုင်ရမည်။ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ကိုထမ်းရန် ရွေးချယ် ပြီး ပြည်သူ့လစာကို စားသောကြောင့် ဝေဖန်မှုအပေါ်ခံနိုင်ရည် ပိုမြင့်ရမည်ဖြစ်သည်။

66(d) and defamation

According to international law, the right to freedom of expression can be limited to prevent defamatory expression. However, any limitation must still pass the three-part test. This means that the limitation must be clearly written in law and be proportionate and necessary in a democracy.

Limitations aiming to prevent defamation have been examined in detail and extensively tested by international courts for many years. As a result, international standards on defamation are comprehensive. The most relevant international standards include:

- Defamation is defined as an unwarranted attack on someone's reputation - a false assertion of fact. Unflattering opinions may be offensive or insulting, but they are not statements of fact so are not defamatory.
- Reporting the words of others, unknowingly publishing defamatory statements, or reasonably reporting something thought at the time to be correct, are not defamation.
- Defamation should not be a criminal offence. Imprisonment for defamation is never proportionate in a democracy[6].
- Public bodies, including ministries, local government and the military, should not be able to complain or sue for defamation under any circumstances. They have ample tools to respond to criticism and legal action is an improper use of public money.
- Public officials including administrators, MPs and the president must tolerate more criticism than normal people. Public officials choose to serve the public, take public salaries, and must therefore tolerate higher levels of scrutiny.

၆၆(ဃ)နှင့် စော်ကားသော ထုတ်ဖော်ပြောဆိုမှု

ပုဒ်မ ၆၆(ဃ)အောက်ရှိ ပြစ်မှုလေးခုစလုံးကို ဥပဒေတွင် အဓိပ္ပာယ် မဖွင့်ဆိုထားသဖြင့် ရဲ၊ အစိုးရရှေ့နေ နှင့် တရားရုံးတို့အနေဖြင့် နိုင်ငံတကာဥပဒေအရ အကာအကွယ်ပေးထားသော ထုတ်ဖော်ပြောဆိုမှု အများအပြားကို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ခွင့် ရှိနေသည်။

ရဲ၊ အစိုးရရှေ့နေနှင့် တရားရုံးတို့ ၆၆(ဃ) အောက်ရှိ အဓိပ္ပာယ်ဝေဝါးသော ပြစ်မှုများအောက် အမြဲတမ်း သွတ်သွင်းလေ့ရှိသည့် ထုတ်ဖော်ပြောဆိုမှုတစ်ခုမှာ "ရိုင်းစိုင်းသော" သို့မဟုတ် "စော်ကားသော" ဟု ခေါ်ဝေါ်သုံးစွဲသည့် အကြိုက်မဆောင်သော ထုတ်ဖော်ပြောဆိုမှု ဖြစ်သည်။

မည်သူမဆို စော်ကားခံရသည်ကို မနှစ်သက်သော်လည်း ပြည်သူများကို စော်ကားမှုမှ ကာကွယ်ခြင်းကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခွင့်ရှိသည့် တရားဝင်လက်ခံ နိုင်သောရည်ရွယ်ချက်ဟု အဆင့်သုံးဆင့်ဆန်းစစ်ချက်တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် စော်ကားခြင်းသည် အလွန် ပုဂ္ဂလ မိဋ္ဌာန်ဆန်သော အယူအဆတစ်ခုဖြစ်ပြီး မည်သည့်တရားရုံးမဆို ဓမ္မမိဋ္ဌာန်ကျကျ ကိုင်တွယ်ဆုံးဖြတ်ဖို့ မဖြစ်နိုင်သလောက်ခက်သော ကိစ္စတစ်ခု ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဥပမာ၊ ကျေးလက်နေ အဖိုးအိုတစ်ဦးအတွက် ဆဲရေးသောစကားများကို စော်ကားမှုဖြစ်ပြီး ကျား/မ လူမှုလိင်နှင့်နွယ်သော စကားလုံးကိုတော့ လက်ခံနိုင်သည်ဟု တွေးကောင်း တွေးနိုင်ပါသည်။ ထိုအချိန်တွင် မြို့နေ လူငယ် အမျိုးသမီးတစ်ယောက်အနေဖြင့်တော့ လုံးဝဥဿုံ ဆန့်ကျင်ဘက် အယူအဆကို ယုံကြည်ကောင်း ယုံကြည်နေနိုင်ပါသည်။

စော်ကားမှုကို တရားဝင်လက်ခံနိုင်သော ရည်ရွယ်ချက်များထဲမှ ဖယ်ရှားသည့် အကြောင်းရင်းမှာ အာဏာရှိသူက ပြည်သူတို့ကို မကြာခဏ ဖိနှိပ်ရန် ယင်းအချက်ကို မကြာခဏ အမြတ်ထုတ်အ သုံးချနေကြောင်း ဒီမိုကရေစီစနစ်၌ တွေ့နေရသောကြောင့် ဖြစ်သည်။ နိုင်ငံရေးသမား၊ စီးပွားရေး သမားနှင့် ဘာသာရေးခေါင်းဆောင်များ အပါအဝင် အာဏာရှိသော လူသိများပုဂ္ဂိုလ်တို့သည် ၎င်းတို့၏ ယုံကြည်မှု၊ လုပ်ဆောင်မှု၊ အကျင့်ပျက် ခြစားမှု (သို့) အမှားလုပ်ဆောင်မှုနှင့်ပတ်သက်၍ တရားဝင် ဆွေးနွေးငြင်းခုန်မှုများကြုံတွေ့ရသောအခါများတွင် စော်ကားခံရသည်ဟု ထွက်ဆိုလေ့ရှိကြသည်။ ဝေဖန်မှုသည် ဒီမိုကရေစီ၏ အခြေခံအစိတ်အပိုင်းတစ်ခု ဖြစ်ပြီး ၎င်းကို မထိန်းချုပ်သင့်ဟု နိုင်ငံ တကာဥပဒေတွင် ဖော်ပြထားပါသည်။

66(d) and offensive expression

As none of the four crimes listed under Article 66(d) are defined in the law, the police, prosecutors and courts are potentially able to criminalise a huge range of expression which would normally be protected under international law.

One particular type of expression, which the police, prosecutors and courts seem to regularly include under the vague crimes listed in 66(d), is unflattering expression, often called "offensive" or "insulting".

Although nobody likes to be offended, protecting people from offense is not listed in the three-part test as a legitimate aim for limiting the right to freedom of expression.

This is because offense is a highly subjective concept that is almost impossible for any court to measure in an objective manner. For example, an elderly rural man may consider swear words to be offensive but regard gender-related words as acceptable, whereas a young urban woman may believe the complete opposite!

Offence is also excluded from the list of legitimate aims because democracies have seen that it is often abused by the powerful to supress people. Powerful public figures, including political, business, and religious leaders, have often claimed to be offended when facing legitimate criticism about their beliefs, performance, corruption or wrongdoing. This criticism is a fundamental part of democracy and international law says it should not be inhibited.[7]

Although offence is not explicitly included in the three-part test, many cases have been brought before international courts to ask whether restricting offence can be regarded as acceptable under the aim of protecting the rights of others or protecting public morality.

စော်ကားမှုကို အဆင့်သုံးဆင့်ဆန်းစစ်ချက်တွင် ပြည့်စုံရှင်းလင်းစွာ ထည့်သွင်းမဖော်ပြထားသော်လည်း နိုင်ငံတကာတရားရုံးများသို့ ရောက်ရှိလာသော အမှုပေါင်းများစွာကြောင့် အခြားသူတို့၏ အခွင့်အရေးများကိုကာကွယ်ရန်နှင့် ပြည်သူ့စာရိတ္တကိုကာကွယ်ရန် ရည်ရွယ်ချက်အောက်တွင် စော်ကားမှုကိုကန့်သတ်၍ ရနိုင်ခြေရှိမရှိ မေးမြန်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

နိုင်ငံတကာတရားရုံး ဆုံးဖြတ်ချက်များထဲမှ အရေးအပါဆုံးတစ်ခုမှာ Handyside နှင့် ယူကေ၏ ၁၉၇၆ ခုနှစ် အမှုဖြစ်သည်။ ယင်းဆုံးဖြတ်ချက်တွင် တရားရုံးက *"[လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်]သည် နစ်မြှုပ်ကျေနပ်စွာ လက်ခံသော (သို့) စော်ကားမှုမမြောက်ဟု သတ်မှတ်ခံရသော (သို့) မတူကွဲပြားမှု တစ်ခုဟု သတ်မှတ်ခံရသော 'သတင်းအချက်အလက်' (သို့) 'အကြံဉာဏ်' သာမက မည်သည့် ပြည်သူအသိုက်အဝန်းကိုမဆို စော်ကားပုတ်ခတ်သော၊ ထိတ်လန့်သွားစေသော (သို့) အနှောက်အယှက် ဖြစ် စေသော အရာများနှင့်လည်း သက်ဆိုင်သည်"* ဟု မိန့်ကြားခဲ့သည်။

လူတချို့ကို စော်ကားသော၊ ထိတ်လန့်စေသော (သို့) အနှောက်အယှက်ဖြစ်စေသော အကြံဉာဏ်နှင့် သတင်းအချက်အလက်များကို သည်းခံခြင်းသည် လိုအပ်သည်ဟု တရားရုံးက ဆိုသည်။ အကြောင်းမှာ သည်းခံခြင်း၊ ဗဟုဝါဒနှင့် သဘောထားကြီးခြင်းတို့ မရှိပါက "ဒီမိုကရေစီ လူ့အဖွဲ့အစည်းလည်း ရှိမည် မဟုတ်သောကြောင့် ဖြစ်ပါသည်။"

ဤအကြောင်းရင်းများကြောင့် နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် "အလွန် စော်ကားခြင်းဟု သတ်မှတ်ကောင်းသတ်မှတ်နိုင်သော ထုတ်ဖော်ပြောဆိုမှုများကိုပင် လက်ခံ"ထား သည်မှာ အထင်းအရှားပင် ဖြစ်ပါသည်။

One of the most important international court decisions was the 1976 case of Handyside versus the United Kingdom, in which the international court said: *"[The right to freedom of expression] is applicable not only to 'information' or 'ideas' that are favourably received or regarded as inoffensive or as a matter of indifference, but also to those that offend, shock or disturb the State or any sector of the population"*[8].

The court said that tolerating ideas and information that may offend, shock or disturb some people is necessary because without such tolerance, pluralism and broadmindedness, *"there is no democratic society"*[9].

For these very reasons, it is clearly established under international law that the right to freedom of expression, *"embraces even expression that may be regarded as deeply offensive"*[10].

ရှာဖွေတွေ့ရှိချက်များ - Findings

လက်ပံတန်းမြို့နယ် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏ အကျင့်ပျက်ခြစားမှုအကြောင်းရှာသားများနှင့် အင်တာဗျူး ဗီဒီယိုတစ်ခုကို DVB သတင်းထောက်တစ်ဦးမှ ရိုက်ကူးခဲ့သည်။ ၂၀၁၆ခု၊ အောက်တိုဘာလတွင်ယင်းကျေးရွာအုပ်ချုပ်ရေးမှူးမှ DVB သတင်းထောက်နှင့် သတင်းဗီဒီယိုဖိုင်ကိုအွန်လိုင်းတွင် တင်သူတို့ကို ဖဖ(ယ) "အသရေဖျက်မှု"ဖြင့် တရားစွဲခဲ့ရာယနေ့အချိန်အထိတရားရင်ဆိုင်နေကြရဆဲဖြစ်သည်။

In October 2016, a village head in Lepadanmade a complaint under 66(d) against a DVB journalist and a local villager who had posted online a video recorded by a DVB journalist of interviews about local corruption. The case is still awaiting trial.

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုသော အမှုပေါင်း ၁၀၆ မှုရှိကြောင်း FEM မှ စိစစ်တွေ့ရှိပါသည်။

FEM has identified 106 cases of criminal complaints made under Article 66(d) of the Telecommunications Law between November 2015 and November 2017.

ယင်းတို့အနက် ၁၁ မှုမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)အစိုးရလက်ထက်တွင် ဖြစ်ပြီး ၉၅ မှုမှာ လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရ လက်ထက်တွင် ဖြစ်ပါသည်။

Of these, 11 complaints were made when the USDP government was in power and 95 complaints were made under the current NLD government.

USDP အစိုးရ	NLD အစိုးရ
၂၀% (၅လခွဲ)	NLD အစိုးရဖြစ်နေသောကာလသည် သုတေသနကာလ၏၈၀%ရှိသည်။ (၂၀ လခွဲ)
၁၁%	၆၆(ဃ)အမှု ၉၀%သည် NLD အစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့သည်။

USDP government	NLD government
20% (5 month)	NLD was in government for 80 % of the research period (20 months)
11 %	90% of 66(d) cases identified took place under the NLD government

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ချက်ထွက်ပေါ်ပြီး နောက် ပုဒ်မ ၆၆(ဃ)အရ တရားစွဲဆိုသောအမှု ကိုးမှု တိုးပွားလာသည်ကို FEM မှ စိစစ်တွေ့ရှိပါသည်။

After the Telecommunications Law Amendment was adopted in August 2017, FEM has identified 9 new criminal complaints made under Article 66(d).

တိုင်ကြားသူများ

The complainants

မုံရွာမြို့နယ်၊ NLD ပါတီဝင် တစ်ဦးမှ အကောင့်တစ်ခုမှ တင်ထားသော NLD ၏ CEC တစ်ဦး နှုတ်ထွက်ကြောင်းပါတီကြေညာချက်အတု ကို အစစ်ဟုထင်ကာ ယင်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် တင်ခဲ့ခြင်းကြောင့် ၂၀၁၆ခု၊ အောက်တိုဘာလတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) "အသရေဖျက်မှု" ဖြင့် ယင်းCEC ကိုယ်တိုင်အမှုဖွင့်ခဲ့ပြီး၊ ၂၀၁၇ခု၊ စက်တင်ဘာလတွင် ထောင်ဒဏ်(၆)လ ကျခဲ့သည်။

In October 2016, a member of the NLD's Central Executive Committee made a complaint under 66(d) against a Monywa-based member of the NLD who had reposted an unknowingly fake NLD announcement concerning the Committee Member's resignation. The complaint was made in October 2016 and the NLD member received 6 months imprisonment.

ပုဒ်မ ၆၆(ဃ)အရ တိုင်ကြားသူများသည် မတူကွဲပြားသော မြန်မာပြည်သူလူထု ကို ကိုယ်စားမပြုပါ။ တိုင်ကြားသူ ၇၅% သည် မတူညီသော နောက်ကြောင်း ရာဇဝင် ၇ မျိုးရှိသည်။ ပြည်သူ့ဝန်ထမ်းအရာရှိ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်၊ စီးပွားရေး၊ မီဒီယာ၊ ဘာသာရေး၊ အနုပညာနှင့် တက်ကြွလှုပ်ရှားသူ တို့ ဖြစ်သည်။

ပုဒ်မ ၆၆(ဃ) ဖြင့် တိုင်ကြားသူ အများစုသည် အာဏာရှိသူများဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ပတ်သက်သူ အများစုလည်း ပါဝင်သည်အတွက် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ ဥပမာ -

- တိုင်ကြားသူ ၅၁% သည် နိုင်တော်အစိုးရပိုင်း (ပြည်သူ့ဝန်ထမ်းအရာရှိ၊ နိုင်ငံရေးပါတီနွယ်နှင့် တပ်မတော်) နှင့် အလွန်နီးစပ်သူများဖြစ်သည်။
- တိုင်ကြားသူ အနည်းဆုံး ၃၁% သည် နိုင်ငံ့ဝန်ထမ်းအဖြစ် နိုင်ငံတော်လစာ ရရှိနေသူများဖြစ်သည်။ (ပြည်သူ့ဝန်ထမ်း အရာရှိနှင့် တပ်မတော်)
- တိုင်ကြားသူ ၂၃% သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရဲအရာရှိများနှင့် အလုပ်အမှုဆောင်အဆင့် အရာရှိများ အပါအဝင် ပြည်သူ့ဝန်ထမ်းအရာရှိအဖြစ် နိုင်ငံတော်အစိုးရကို တိုက်ရိုက်ကိုယ်စားပြုသူ များ ဖြစ်သည်။
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အစိုးရလက်ထက်အတွင်း တိုင်ကြားသောသူ ၅၅% သည် ယခင်က အစိုးရပိုင်း အဆင့်မြင့်အရာရှိများ ဝေဖန်ခံရခြင်းအတွက် နစ်နာသူဟုဆိုကာ ၎င်းတို့ကိုယ် စား တိုင်ကြားသော ရဲနှင့်တပ်မတော်သားများဖြစ်သည်။

တိုင်ကြားသူ အမျိုးအစား	အရေအတွက်
ပြည်သူ့ဝန်ထမ်းအရာရှိ	၂၃
နိုင်ငံရေးပါတီနွယ်(ခေါင်းဆောင်၊ အဖွဲ့ဝင်နှင့် ထောက်ခံသူများ)	၂၁
NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)	၁၇
USDP (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)	၂
DPP (မတူကွဲပြားခြင်း နှင့် ငြိမ်းချမ်းရေးပါတီ)	၂
တပ်မတော်	၉
စီးပွားရေး နှင့်ဆိုင်သောသူများ	၁၀
ဂျာနယ်လစ်	၇
ဘာသာရေးနှင့်ပတ်သက်သူ	၆
အနုပညာနှင့် ပတ်သက်သူ (ကဗျာဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင်)	၃
လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ	၂

The people who made complaints under Article 66(d) are not representative of the diverse Myanmar public. 75% of complainants came from just eight backgrounds: public service, political parties, military, business, media, religion, arts, and activism.

FEM is concerned that most complainants using 66(d) were in positions of power, and that the majority of complainants were related to the state[11].

- 51% of complainants were closely related to the state (public officials, political party-related, and military).
- At least 31% of complainants receive state salaries as state employees (public officials and military).
- 23% of complainants directly represent the state as public officials, including quarter administrators, police officers, and executive-level officers.
- 55% of the complaints made during the period of USDP government were made by members of the police or military, on behalf of alleged victims who were senior government officials.

Complainants Type	Number
Public officials	23
Political party-related (leaders, members, and supporters)	21
NLD (National League for Democracy)	17
USDP (Union Solidarity and Development Party)	2
DPP (Diversity and Peace Party)	2
Military	9
Business-related persons	10
Journalists	7
Religious supporters	6
Arts-related persons (poets, writers, directors, actors)	3
Human rights defenders	2

အခြားသူများ (ထင်ရှားသော အသက်မွေးဝမ်း ကျောင်းမှုနှင့် ပတ်သက်စပ်ဆက်မှု မရှိ)	၂၆
စုစုပေါင်း	**၁၀၆**

ပုဒ်မ ၆၆(ဃ)ဖြင့် တိုင်ကြားသော အမျိုးသမီးအရေအတွက်သည် NLD အစိုးရလက်ထက်တွင် ပိုမို တိုး ပွားလာခဲ့သည်။ သို့သော် တိုင်ကြားသူအများစုမှာ အမျိုးသားများသာ ဖြစ်သည်။

Other people (no clear professional or other related status)	26
Total	**106**

The number of women that have made complaints under 66(d) has increased under the NLD government, but most complainants were men.



တရားစွဲခံရသူ/တရားခံ

ပုသိမ်မြို့ နေလူအခွင့်အရေးတက်ကြွလှုပ်ရှားသူများအဖွဲ့ ဥက္ကဋ္ဌတစ်ဦးက "စစ်ပွဲများအလိုမရှိ ပြဇာတ်" ကို Facebook ပေါ်တင်ပြီး Live လွှင့် ခဲ့ခြင်းကြောင့် တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးက ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလတွင် အမှုဖွင့်ခဲ့ရာ၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) "အသရေဖျက်မှု" ဖြင့် ယနေ့အချိန်အထိတရားရင်ဆိုင်နေရဆဲဖြစ်သည်။

ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲခံရသူများသည် မတူကွဲပြားသော မြန်မာပြည်သူလူထုကို ကိုယ်စားမပြုပါ။ တရားစွဲခံရသူ ၆၇% သည် မတူညီသော နောက်ကြောင်းရာဇဝင် ၇ မျိုးရှိကြသည်။ နိုင်ငံရေးပါတီများ၊ လူ့ အခွင့်အရေးတက်ကြွလှုပ်ရှားသူ၊ မီဒီယာ၊ အနုပညာ၊ ပြည်သူ့ဝန်ထမ်းအရာရှိ၊ ဘာသာရေးနှင့် စီးပွားရေးတို့ ဖြစ်သည်။ ၆၆(ဃ)ဖြင့် တရားစွဲခံရသူအများစုသည် အစိုးရနှင့် အာဏာရှိသူများ၏ လုပ်ရပ်များအပေါ် ဝေဖန် မေးခွန်းထုတ်သူများဟု ယူဆရသူများ ဖြစ်နေသည့်အတွက် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။

- ၆၆(ဃ)ဖြင့် တရားစွဲခံရသူ ၆၁% သည် အသိပညာရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားခဲ့ခြင်းနှင့် အခြားသူတို့၏ လုပ်ရပ်များကို ဝေဖန်မေးခွန်းထုတ်သည့် နောက်ကြောင်းရာဇဝင်ရှိသူများ ဖြစ်သည်။(နိုင်ငံရေးပါတီနှယ်၊ ဂျာနယ်လစ်၊ ဘာသာရေးနှင့်ပတ်သက်သူများ၊ အနုပညာနှင့်ပတ်သက်သူများနှင့် လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများ)

The defendants

In January 2017, a military colonel made a complaint under 66(d) against the chairperson of a Pathein-based human rights defenders' group who posted a live video on Facebook of a street theatre performance called "No more war". The case is ongoing.

The people who face complaints under Article 66(d) are not representative of the diverse Myanmar public. 67% of defendants came from just seven backgrounds: political parties, human rights activism, media, arts, public service, religion, and business. 0% of defendants are members of the military. FEM is concerned that most 66(d) defendants come from backgrounds where they are supposed to be holding the government and other powerful people to account.

- 61% of defendants were from backgrounds where they are actively raising awareness of issues and holding others to account (political party-related, journalists, religious supporters, arts-related persons, and human rights defenders).

- တရားစွဲခံရသူ ၃၇% သည် များသောအားဖြင့် ဆင်ဆာပိတ်ဆို့ဖြတ်တောက်မှု ပုံစံအားလုံးကို ရင် ဆိုင်ရပြီး၊ အကျင့်ပျက်ခြစားမှုနှင့် အမှားလုပ်ဆောင်မှုများကို ကျွန်ုပ်တို့ သိရှိစေရန် လုပ်ဆောင်ခဲ့သည့်နောက်ကြောင်းရာဇဝင်ရှိသူများ ဖြစ်သည်။ (လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ၊ ဂျာ နယ်လစ်နှင့် အနုပညာနွယ်)

တရားစွဲခံရသူ အမျိုးအစား	အရေအတွက်
နိုင်ငံရေးပါတီနွယ်(ခေါင်းဆောင်၊ အဖွဲ့ဝင်နှင့် ထောက်ခံသူများ)	၂၃
NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)	၁၅
USDP (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)	၆
NDF (အမျိုးသားဒီမိုကရေစီအင်အားစု)	၁
DPP (မတူကွဲပြားခြင်း နှင့် ငြိမ်းချမ်းပါတီ)	၁
လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ	၁၉
ဂျာနယ်လစ်	၁၃
အနုပညာနှင့်ပတ်သက်သူ (ကဗျာဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင်)	၇
ပြည်သူ့ဝန်ထမ်းအရာရှိများ	၄
ဘာသာရေးနှင့်ပတ်သက်သူများ	၃
စီးပွားရေးနှင့်ပတ်သက်သူများ	၂
အခြားသူများ (ထင်ရှားသော အသက်မွေးဝမ်းကျောင်းမှုနှင့် ပတ်သက်စပ်ဆက်မှု မရှိ)	၃၅
စုစုပေါင်း	**၁၀၆**

ပုဒ်မ ၆၆(ဃ)ဖြင့် တိုင်ကြားသော အမျိုးသမီးအရေအတွက်သည် NLD အစိုးရလက်ထက်တွင် ပိုမို တိုး ပွားလာခဲ့သည်။ သို့သော် တရားစွဲခံရသူအများစုမှာ အမျိုးသားများသာ ဖြစ်သည်။

- 37% of defendants were from backgrounds that commonly face all forms of censorship and without which we would never know of corruption and wrongdoing (human rights defenders, journalists, and arts-related).

Defendants Type	Number
Political party-related (leaders, members, and supporters)	23
NLD (National League for Democracy)	15
USDP (Union Solidarity and Development Party)	6
NDF (National Democratic Force)	1
DPP (Diversity and Peace Party)	1
Human rights defenders	19
Journalists	13
Arts-related persons (poets, writers, directors, actors)	7
Public officials	4
Religious supporters	3
Business-related persons	2
Other people (no professional or other related status)	35
Total	**106**

The number of women facing complaints under 66(d) has increased under the NLD government, but most defendants were men.



တိုင်ကြားသူနှင့် တရားစွဲခံရသူတို့၏ ပတ်သက်မှု

USDP ပါတီဝင် အမျိုးသမီးတစ်ဦး မှ ယင်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် နိုင်ငံတော်အတိုင်ပင်ပုဂ္ဂိုလ်အား "ငုတ်တုပ်သေနေတာ၊ မစုနိုင်တော့ ခွေးဖြစ်တာပေါ့" စသဖြင့် ရေးသားခဲ့ရာ၊ ပဲခူးမြို့နယ် NLD ပါတီဝင်တစ်ဦး က ၂၀၁၆၊ အောက်တိုဘာလတွင် အမှုဖွင့်ခဲ့သည်။ ၂၀၁၇ခု၊ မေလတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) "အသရေဖျက်မှု" ဖြင့် ထောင်ဒဏ် (၆)လ ကျခဲ့သည်။

ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲသော အမှုများသည် တိုင်ကြားသူနှင့် တရားစွဲခံရသူတို့နှစ်ဦးကြား အွန်လိုင်းပေါ်မှ မဟုတ်သည့် ပြင်ပ ပြဿနာများ တူညီစွာရှိနေသည်ကို မကြာခဏတွေ့ရပါသည်။ တိုင်ကြားမှု ၂၉% သာလျှင် သာမန်ပြည်သူလူထုကြား ယေဘုယျ ပဋိပက္ခနှင့် ငြင်းခုန်စွပ်စွဲမှုရှိသည်ကို တွေ့ရပါသည်။

- တိုင်ကြားမှု ၅၅% တွင် အာဏာရှိပုဂ္ဂိုလ်များက ၎င်းတို့ကို ဝေဖန် (သို့) စွပ်စွဲသည့် အားနည်းသောပြည်သူများကို ဆင်ဆာဖြတ်တောက် တားဆီးရန် (သို့) အပြစ်ပေး ရန် ကြိုးစားမှုဖြစ်ကြောင်း တွေ့ရသည်။
- တိုင်းကြားမှု ၉% တွင် မိသားစု (သို့) သမီးရည်းစား ဆက်ဆံရေး၌ ပုဂ္ဂိုလ်ရေးပဋိပက္ခ (သို့) အမြတ် ထုတ်မှုကို တွေ့ရှိရသည်။
- တိုင်ကြားမှု ၇% တွင် ဆန့်ကျင်ဘက်ပါတီ ထောက်ခံသူအချင်းချင်းကြား ပဋိပက္ခ (သို့) လက်တုံ့ပြန် မှု (သို့) ပါတီတစ်ခုတည်းကို ထောက်ခံသူအချင်းချင်းကြား အားပြိုင်မှုတို့ကို တွေ့ရှိရသည်။

၆၆(ဃ)သည် အွန်လိုင်းမဟုတ်သည့် ပြင်ပ ပြဿနာများ (အခြားနည်းလမ်းဖြင့် ထိထိရောက်ရောက် မဖြေ ရှင်းထားသော ပြဿနာများ)ကို ဆက်လက်ရှည်လျားစေရန် (သို့) ချဲ့ထွင်ရန် လွယ်လင့်တကူ အသုံးပြုနိုင် သော လက်တုံ့ပြန်လက်နက်တစ်ခု ဖြစ်နေသည့်အတွက် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။

ပတ်သက်မှု ပုံစံ	အရေအတွက်
အာဏာဆက်နွယ်မှု	၅၈
နိုင်ငံရေးပါတီအချင်းချင်းအား ပြိုင်ခြင်းဆိုင်ရာဆက်နွယ်မှု	၆
တူညီသောနိုင်ငံရေးပါတီအတွင်း ဆက်နွယ်မှု	၁
အထွေထွေသော ပဋိပက္ခဆိုင်ရာ ပတ်သက်မှု	၃၀

Relationship between the complainant and the defendant

In October 2016, a Bago-based member of the NLD made a complaint under 66(d) against a local USDP party member who had posted a photo of Aung San Suu Kyi online with the words "She is dead in a sitting position" and a phrase meaning that the people had become like dogs after the NLD gained power. The USDP member received 6 months imprisonment.

Complaints made under Article 66(d) often show similar offline conflictual relationship between complainants and defendants. Only 29% of complaints show a general conflict or argument between normal members of the public.

- 55% of complaints show powerful people trying to censor or punish weak people for criticism or allegations.
- 9% of complaints show private conflict or abuse based on family or sexual relations.
- 7% of complaints show conflict or revenge between supporters of opposing parties, or competition between supporters within one party.

FEM is concerned that 66(d) has become a retaliatory tool that can be easily used to continue or extend offline conflict that has not been effectively resolved through other means.

Relationships Type	Number
Power relationship	58
Competing political parties' relationship	6
Internal political party relationship	1
General conflict relationship -	30

ပုဂ္ဂလိကပဋိပက္ခ (သို့) ပုဂ္ဂလိကလုံခြုံခွင့် အလွဲသုံးစားပြုခြင်း ဆိုင်ရာဆက်နွယ်မှု	၁၁
စုစုပေါင်း	**၁၀၆**

Private conflict or abuse relationship	11
Total	**106**

တိုင်ကြားရသည့် အကြောင်းပြချက်

အမျိုးသားတစ်ဦးသည် မြဝတီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အ ကူပြုအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသော်လည်း သမ္မတသစ်က အဆိုပါ ကော်မတီများကိုဖျက်သိမ်းလိုက်ရာ "သမ္မတဆိုတဲ့ ငပေါက် စောက်ရူးထဘာလားလို့ မေးမယ်" ဟုဖေ့စ်ဘွတ်ခ်ပေါ်တွင် ပြောဆိုခဲ့ သဖြင့် မြဝတီမြို့နယ် NLD ပါတီအလုပ်အမှုဆောင်က ၂၀၁၆ခု၊ ဩဂုတ်လတွင် တရားစွဲဆိုခဲ့ပြီး၊ ယင်းလဉ်ပင် ၆၆(ဃ) "အသရေဖျက်မှု" ဖြင့် ထောင်(၉)လကျခဲ့သည်။

ပုဒ်မ ၆၆(ဃ)ဖြင့် တိုင်ကြားသော အမှုများသည် ယင်းပုဒ်မပါ အကြောင်းရင်းထဲမှ တစ်ခုခုကို အခြေခံ၍ တိုင် ကြားသောအမှုများ ဖြစ်သည်။ ၂၀၁၇ ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ချက်တွင် အကြောင်းရင်းအရေအတွက် ကို ခုနစ်ချက်မှ လေးချက်အထိ လျှော့ချခဲ့ပါသည်။

မူလအချက်များ	ပြင်ဆင်ပြီးနောက် အချက်များ
ခြောက်လှန့်တောင်းယူခြင်း	ခြောက်လှန့်တောင်းယူခြင်း
အသရေဖျက်ခြင်း	အသရေဖျက်ခြင်း
နှောင့်ယှက်ခြင်း	နှောင့်ယှက်ခြင်း
ခြိမ်းခြောက်ခြင်း	ခြိမ်းခြောက်ခြင်း
အနှိုင်အထက်ပြုခြင်း	
မတရားတားဆီးကန့်ကွက်ခြင်း	
မလျော်ညှဿုံးခြင်း	

တိုင်ကြားသူနှင့် တရားခံ အများအပြားသည် ၎င်းတို့အမှု မည်သည့်အကြောင်းပြချက်အောက်တွင် ရောက်ရှိ နေသည်ကို မသိကြပါ။ ရဲနှင့် အစိုးရရှေ့နေများကလည်း အမှုဖွင့်သူများကို စွဲချက်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း အကြံပေးခြင်း မရှိပါ။ တရားခံရှေ့နေများဘက်ကလည်း တရားခံ/တရားစွဲဆိုခံရသူများ ကို ယေဘုယျအားဖြင့် အသိပေးခြင်းမရှိပါ။

- တိုင်ကြားချက် ၉၃% သည် အသရေဖျက်မှု အကြောင်းပြချက်ဖြင့် အမှုတည်ဆောက်ထားခြင်းဖြစ် သည်။
- တိုင်ကြားချက် ၄% သည် ခြိမ်းခြောက်မှု အကြောင်းပြချက်ဖြင့် အမှုတည်ဆောက်ထားခြင်းဖြစ် သည်။
- တိုင်ကြားချက် ၂% သည် ခြောက်လှန့်တောင်းယူခြင်းနှင့် နှောက်ယှက်ခြင်း အကြောင်းပြချက်ဖြင့် အမှုတည်ဆောက်ထားခြင်းဖြစ် သည်။

Grounds for the complaint

In August 2016, a NLD party member made a complaint under 66(d) against a Myawaddy-based local person who had posted online saying "I ask if that foolish president is damn crazy" after the President disolved local development committees. The local official was sentenced to 9-months imprisonment.

Complaints made under Article 66(d) are based on one of several grounds listed in the article. The 2017 Telecommunications Law Amendment reduced the number of grounds from seven to four.

Original grounds	Grounds after amendment
Extorting	Extorting
Defaming	Defaming
Disturbing	Disturbing
Threatening	Threatening
Bullying	
Making wrongful restraint	
Exerting undue influence	

Many complainants and defendants were unaware of which of the specific grounds their complaint falls under. Police and prosecutors do not give complainants clear advice on the grounds. Defence lawyers do not generally inform defendants either.

- 93% of complaints are made under the grounds of defamation.
- 4% of complaints are made under the grounds of threatening.

၂၀၁၇ ဥပဒေပြင်ဆင်ချက်တွင် ဖယ်ရှားလိုက်သည့် အချက်သုံးခုဖြစ်သော အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်းနှင့် မလျော်ညီထုံးခြင်း တို့ဖြင့် တိုင်ကြားသော အမှုဟူ၍ တစ်ခုမျှ ယခင်က မရှိခဲ့ပါ။ ဖယ်ရှားလိုက်သော အကြောင်းပြချက်သုံးခုနှင့် တိုင်ကြားသော အမှုဟူ၍တစ်ခုမှမရှိခဲ့၍ ဥပဒေ ပြင်ဆင်ချက် သည် ပုဒ်မ ၆၆(ဃ) အသုံးပြုမှုအပေါ် ထိထိရောက်ရောက် သက်ရောက်ခြင်း မရှိသည့်အတွက် FEM အနေ ဖြင့် စိုးရိမ်ပူပန်မိပါသည်။

တိုင်ကြားသောအကြောင်းပြချက်	
အမျိုးအစား	**အရေအတွက်**
ခြောက်လှန့်တောင်းယူခြင်း	၁
အသရေဖျက်ခြင်း	၉၉
နှောင့်ယှက်ခြင်း	၁
ခြိမ်းခြောက်ခြင်း	၅
အနိုင်အထက်ပြုခြင်း	၀
မတရားတားဆီးကန့်ကွက်ခြင်း	၀
မလျော်ညီထုံးခြင်း	၀
စုစုပေါင်း	**၁၀၆**

အသရေဖျက်ခြင်း

ပုဒ်မ ၆၆(ဃ)တွင် အသရေဖျက်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါ။ သို့သော် အသရေဖျက်ခြင်း အကြောင်းပြချက်ဖြင့် တိုင်ကြားချက်များ၌ အချက်အလက် အနိုင်အမာထည့်သွင်း ပြောဆိုထားခြင်း ပါမပါကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေရှိပါသည်။ အချက်အလက်အနိုင်အမာ ထည့်သွင်းပြောဆိုခြင်းသည် မည် သည့် အသရေဖျက်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်မဆို အရေးကြီးသော အချက်တစ်ခု ဖြစ်သည်။

- တိုင်ကြားချက် ၆၆% သည် အချက်အလက်အနိုင်အမာ ထည့်သွင်း ပြောဆိုထားခြင်း မရှိသည့် အပေါ် အခြေခံပြီး အမှုတည်ဆောက် ထားသည့်အတွက် အသရေဖျက်မှု မမြောက်ပါ။
- တိုင်ကြားချက် ၃၃% သည် အချက်အလက် အနိုင်အမာထည့်သွင်း ပြောဆိုထားခြင်းအပေါ် အခြေခံ ပြီး အမှုတည်ဆောက်ထားသည့်အတွက် အသရေဖျက်မှု မြောက်ကောင်းမြောက်နိုင်ပါသည်။

ပုဒ်မ ၆၆(ဃ)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မပါရှိသဖြင့် အချက်အလက်အနိုင်အမာ ထည့်သွင်းပြောဆို ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မည်သည့် ထုတ်ဖော်ပြောဆိုချက်ကိုမဆို "အသရေဖျက်ခြင်း" ဟု ခေါ်ဆိုနိုင်သည့်အတွက် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ အကယ်၍သာ အသရေဖျက်ခြင်းကို ၆၆(ဃ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားမည်ဆို ပါက တိုင်ကြားချက် အနည်းဆုံး သုံးပုံနှစ်ပုံသည် ပယ်ချခံရမည်ဖြစ်ပါ သည်။

- 2% of complaints are made under the grounds of extorting and disturbing.

No complaints were made under the three grounds that were removed in the 2017 amendment: bullying, wrongful restraint, and exerting undue influence. FEM is concerned that as none of the removed grounds were ever used anyway, the amendment will therefore have no effect on the use of 66(d).

Grounds for the complaint	
Type	**Number**
Extorting	1
Defaming	99
Disturbing	1
Threatening	5
Bullying	0
Making wrongful restraint	0
Exerting undue influence	0
Total	**106**

Defamation

Article 66(d) does not include a definition of defamation. However, it is possible to analyse the complaints made under the grounds of defamation to see if the expression included any assertion of fact, which is the underlying factor of any definition of defamation.

- 66% of complaints were based on expression that did not include any assertion of fact and therefore cannot be defamation.
- 33% of complaints were based on expression that included some assertion of fact, and therefore could potentially be defamation.

FEM is concerned that the lack of definition in 66(d) means that any expression can be called "defamation", regardless of whether it includes any assertion of fact. If defamation was properly defined in 66(d), at least two-thirds of all complaints would have been rejected.

အသရေဖျက်မှုအကြောင်းပြချက်ဖြင့် တိုင်ကြားချက်များ	
အမျိုးအစား	အရေအတွက်
အသရေဖျက်မှုမြောက်နိုင်ဖွယ်ရှိသောထုတ်ဖော်ပြောဆိုချက်များ - အချက်အလက်အခိုင်အမာထည့်သွင်းပြောဆိုထားသည်	၃၃
အသေရေဖျက်မှုမမြောက်သောထုတ်ဖော်ပြောဆိုချက်များ - အတွေးအမြင်သာဖြစ်ပြီးအချက်အလက်အခိုင်အမာမပါရှိပါ	၆၆
စုစုပေါင်း	၉၉

အချက်အလက်အချို့ အခိုင်အမာထည့်သွင်းပြောဆိုခြင်းရှိသော ထုတ်ဖော်ပြောဆိုချက်များကို တရားရုံးက သေချာစိစစ်ပြီးမှသာ အသရေဖျက်မှုမြောက်သည်ဟု ဆုံးဖြတ်သည့် အထောက်အထားမျိုး မရှိသည့်အပေါ် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ ဥပမာဆိုရသော် ထုတ်ဖော်ပြောဆိုချက်တစ်ခုချင်းစီကို နိုင်ငံတကာ စံ နှုန်းများအရ သေချာစိစစ်မှသာ ပို၍ သင့်လျော်သော်လည်း ရာဇသတ်ကြီး ပုဒ်မ ၄၉၉ အရသာ စိစစ်သုံးသပ် ခဲ့နိုင်ခြေရှိပါသည်။ ပုဒ်မ ၄၉၉ တွင် အသရေဖျက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုနှင့် ကင်းလွတ်ခွင့် (သို့) ခုခံကာကွယ်ပိုင် ၁၀ ချက် ဖော်ပြထားပါသည်။ သို့သော် တရားခံရှေ့နေမှ ပုဒ်မ ၄၉၉ ကို ရည်ညွှန်းတင်ပြ သည့်အခါနှင့် တရားခံ/ တရားစွဲဆိုခံရသူ၏ အချက်အလက်အခိုင်အမာ ထွက်ဆိုခြင်းကို အထောက်အပံ့ဖြစ်စေသည့် အထောက်အထားဖြင့် တင်ပြသည့်အခါတွင် တရားရုံးက အသိအမှတ် ပြုခြင်းမရှိခဲ့ပါ။ ပုဒ်မ ၄၉၉ ပါ ကင်းလွတ်ချက်အကာကွယ်များနှင့် နှိုင်းယှဉ်ကြည့်သောအခါ -

- အချက်အလက်အခိုင်အမာထွက်ဆိုခြင်း ပါဝင်သော ထုတ်ဖော်ပြောဆိုချက်ကို အခြေခံသည့် ၉ ရာခိုင်နှုန်းသော တိုင်ကြားချက်များသည်သာ အထောက်အထားအရမှန်ကန်သည်ဟု လူအများက သတ်မှတ်ကြပေလိမ့်မည်။
- ၅၂ ရာခိုင်နှုန်းသည် ပြည်သူဝန်ထမ်းများ၏ လုပ်ဆောင်ချက်အပေါ် အမြင်အယူအဆများသာ ဖြစ်သည်။ ယင်းတို့အများစုမှာ အကျင့်ပျက်ခြစားခြင်း၊ အမှားပြုလုပ်ခြင်းတို့ကို စိတ်ရင်းအမှန်ဖြင့် ထောက်ပြစွပ်စွဲကြခြင်းသာ ဖြစ်သည်။
- ၂၄ ရာခိုင်နှုန်းသည် (ပြည်သူဝန်ထမ်းမဟုတ်သော) လူပုဂ္ဂိုလ်တဦး၏ လုပ်ဆောင်ချက်အပေါ် ပုဂ္ဂလိကအမြင်သာ ဖြစ်သည်။

Complaints on the grounds of defamation	
Type	Number
Potentially defamatory expression - includes an assertion of fact	33
Non-defamatory expression - only opinion and does not include an assertion of fact	66
Total	99

FEM is also concerned that there is no evidence that those expressions that included some assertion of fact were properly assessed by the court to see if they were defamatory. For example, although it is preferable that each expression would have been assessed under international standards, expression could also have been assessed under Article 499 of the Penal Code. Article 499 includes both a definition of defamation and 10 defences. Defence lawyers were ignored when referring to Article 499 and when presenting the court with evidence backing up the defendant's assertions of fact.When compared to the defences in Article 499:

- 9% of complaints based on expression that included assertions of fact would be regarded by most people as evidentially true.
- 52% were opinions on a public official's conduct. Most of these were allegations made in good faith of corruption and wrongdoing.
- 24% were opinions on a private (i.e. not a public official) person's conduct.

ရာဇသတ်ကြီးပုဒ်မ ၄၉၉ အရစီစစ်ထားသောပုဒ်မ ၆၆(ဃ) အမှုများ	
အသုံးချနိုင်သောခုခံကာကွယ်ခွင့်များ	**အရေအတွက်**
မှန်ကန်မှုရှိပြီး ပြည်သူလူထုအတွက် ကောင်းမွန်ခြင်း	၃
ပြည်သူ့ဝန်ထမ်းအရာရှိတစ်ဦး၏ လုပ်ဆောင်မှု (သို့) အကျင့်စရိုက် (၎င်းတို့ လုပ်ဆောင်မှုနှင့် ပတ်သက်သော) မှန်ကန်သောအမြင်ကိုသဘောရိုးနှင့် ရှုမြင်ခြင်း	၁၇
ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ဆောင်မှု (သို့) အကျင့်စရိုက် (၎င်း၏ လုပ်ဆောင်မှုနှင့်ပတ်သက်သော) ကိုမှန်ကန်သောအမြင်ကိုသဘောရိုးနှင့် ရှုမြင်ခြင်း	၈
တရားခွင်အမှုတစ်ခု၏ မှန်ကန်သောအစီရင်ခံစာ	၂
တရားရုံးမှ ဆုံးဖြတ်ပြီးသားအမှု (သို့) ပါဝင်သူတို့၏ အဆိုးအကောင်းကိုမှန်ကန်သောအမြင်ကိုသဘောရိုးနှင့် ရှုမြင်ခြင်း	၁
အနုပညာ/စာပေ/ဖျော်ဖြေမှု (သို့) ဖန်တီးသူ၏(ဖန်တီးမှုအတွင်း) အဆိုးအကောင်း၏ မှန်ကန်သောအမြင်ကိုသဘောရိုးနှင့် ရှုမြင်ခြင်း	၀
လက်အောက်ငယ်သား (သို့) အလားတူဆက်ဆံရေးတစ်ခုတွင် မှန်ကန်သောအမြင်ကိုသဘောရိုးနှင့် ဝေဖန်ခြင်း	၀
သက်ဆိုင်ရာအာဏာပိုင်တစ်ဦးဦးအားသဘောရိုးနှင့် တိုင်ကြားခြင်း	၀
ဟောပြောသူနှင့် လက်ခံနားထောင်သူကောင်းကျိုး(သို့) ပြည်သူ့ကောင်းကျိုးအတွက် တစ်စုံတစ်ဦး၏ အပြုအမူကိုသဘောရိုးနှင့် ဝေဖန်စွပ်စွဲခြင်း	၁
ဟောပြောသူ၊ အကြောင်းအရာ(သို့) ပြည်သူ့ကောင်းကျိုးအတွက် သဘောရိုးနှင့် သတိပေးခြင်း	၀
စုစုပေါင်း	**၃၂**

66(d) cases assessed under Penal Code Article 499	
Applicable defences	**Number**
True and for the public good	3
Any opinion made in good faith on a public official's conduct or character (in their conduct)	17
Any opinion made in good faith on a person's conduct or character (in their conduct)	8
A truthful report of a court case	2
Any opinion made in good faith on the merits of a decided court case or the characters of those involved	0
Any opinion made in good faith of the merits of art/literature/performance or the character of the creator (in their creating)	1
A criticism made in good faith of a junior or person in a similar relationship	0
A complaint made in good faith to a relevant authority	0
An accusation made in good faith about another person's character for the good of the speaker, receiver, or public good	1
A caution made in good faith for the good of the speaker, subject, or public good	0
Total	**32**

လိင်အခြေပြု အကြမ်းဖက်မှု

ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲသော တိုင်ကြားချက်ငါးခုသည် လက်မထပ်ရသေးသော အမျိုးသမီးငယ်များ အပေါ် အမြဲတ်ထုတ် စော်ကားဆက်ဆံမှုကို အခြေခံထားခြင်း ဖြစ်သည်။ အမှုတစ်ခုစီတိုင်းတွင် အမျိုးသမီး ငယ်များ၏ ရည်းစား(ယောကျ်ားလေး)က အမျိုးသမီးငယ် အရှက်ရစေရန် (သို့) အကျပ်ကိုင်၍ ငွေကြေး ရယူရန်အလို့ငှာ အွန်လိုင်းတွင် ၎င်းတို့၏ အတွင်းရေး သတင်း(သို့) ဓာတ်ပုံများ တင်မည်ဟု ခြိမ်းခြောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် လိင်အခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဥပဒေမရှိသည့်အတွက် အမျိုးသမီးများ အနေဖြင့် ပုဒ်မ ၆၆(ဃ)ကို မဖြစ်မနေ သုံးစွဲနေရသည်ကို FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ လိင်အခြေပြု အကြမ်းဖက်နှင့်ပတ်သက်သော ဥပေဒရှိပါက အဆိုပါအမျိုးသမီးများ တရားမျှတမှုရရှိနိုင်ရန် တိကျသော မူဘောင်တစ်ခု ရှိလာမည်ဖြစ်သည်။

မင်းဘူးနေရဲတပ်သားတစ်ဦးမှ မဖွယ်မရာ ဗီဒီယိုဖိုင်အား ဗီဒီယိုတွင်ပါဝင်သူများ ၏ သဘောတူညီချက်မပါဘဲ ဖေ့စ်ဘွတ်ပေါ် တွင်တင်ခဲ့ရာ၊ ထိုဗီဒီယိုတွင်ပါဝင်သော အမျိုးသားမှ ၂၀၁၇ခု၊ ဇူလိုင်လတွင် အမှုဖွင့်ခဲ့ပြီးယနေ့အချိန်အထိ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) "အသရေဖျက်မှု" ဖြင့် တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။

Gender-based violence

Five complaints under Article 66(d) were based on abusive treatment of young, unmarried women. In each case, the complainant woman's ex-boyfriend threatened to publish intimate information or images online with the intention to shame the woman or extort money from her. FEM is concerned that women are forced to use 66(d) because Myanmar has no law on gender-based violence. A law on gender-based violence would give a proper framework for these women to access justice.

In July 2017, a participant in an intimate videomade a complaint under 66(d) against a junior member of the police in Minbu who had allegedly posted the video onlinewithout the consent of those involved. The case is still at trial.

ရလဒ်/ဆုံးဖြတ်ချက်

ပန်းဘဲတန်းမြို့နယ်ရှိဖုန်းဆိုင်တစ်ဆိုင်မှ ပိုင်ရှင်များနှင့် အခြားဖုန်းဆိုင် ပိုင်ရှင်တို့ တူညီသော စီးပွားရေး အခြေပြုကာ ဖေ့စ်ဘွတ်ခ်ပေါ်တွင် အပြန်အလှန်စောင်းမြောင်းရန်ဖြစ်ကြရာ၊ အခြားဖုန်းဆိုင်ပိုင်ရှင်မှ ၂၀၁၆ခု၊ နိုဝင်ဘာလတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) "အသရေဖျက်မှု" ဖြင့် အမှုဖွင့်ခဲ့သည်။ အချုပ်တွင်း (၃)ပတ် နေထိုင် ခဲ့ရပြီး တရားလိုမှ အမှုကျေအေးခဲ့သည်။

ပုဒ်မ ၆၆(ဃ)အရ တိုင်ကြားမှုကို တိုင်ကြားသူက ရုပ်သိမ်း၍ဖြစ်စေ၊ တရားရုံး (သို့) အစိုးရဥပဒေ စီစစ်မှု လုပ်ငန်းများအရ ပယ်ချ၍ ဖြစ်စေ အမှုကို ဖြေရှင်းနိုင်သလို တရားရုံးက အမှုအပေါ် တစ်စုံတစ်ခု ဆုံးဖြတ်၍ လည်း အမှုကို ဖြေရှင်းနိုင်သည်။

- ဖြေရှင်းခဲ့သော တိုင်ကြားမှု ၃၅% ရှိပါသည်။ တိုင်ကြားမှု ၂၀% ကို တရားရုံးက ဆုံးဖြတ်ချက်ချပြီး ၁၀% မှာ တရားခွင်ပြင်ပ၌ ညှိနှိုင်းပြီးနောက် တိုင်ကြားသူဘက်က ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။ ကျန် ၅% ကတော့ အထောက်အထားမခိုင်မာသည့်အတွက် အစိုးရဥပဒေ စီစစ်မှု လုပ်ငန်းများအရ ပယ်ချခဲ့ ခြင်းဖြစ်သည်။

Resolution

In November 2016, a Babedan phone shop owner made a complaint under 66(d) against another phone shop owners after a long online dispute. The second owners spent three-weeks in jail before the owners reached a settlement outside of court and the case was withdrawn.

Complaints made under Article 66(d) can be resolved either by being withdrawn by the complainant, by being rejected by the prosecution or the court, or by reaching a decision in court.

- 35% of complaints have been resolved. 20% of complaints have been decided in court, 10% have been withdrawn by the complainant after being settled out of court, and 5% have been dropped by the prosecution due to a lack of evidence[12].

- တိုင်ကြားမှု ၆၅% သည် လက်ရှိချိန်ထိ တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေဆဲ ဖြစ်ပါသည်။ ၄၈% မှာ လုံလောက်သော အထောက်အထားရှိ၍ ဥပဒေစစ်မှု လုပ်ငန်းများအရ ထောက်ခံမှုရရှိပြီး တရားစီရင်မှုကို ကြားနာနေဆဲ ဖြစ်သည်။ ၁၇% ကတော့ စုံစမ်းစစ်ဆေးနေဆဲသာ ဖြစ်သည်။

တိုင်ကြားခံရသော သံသယတရားခံများအပေါ် ရဲတပ်ဖွဲ့၏ ထိန်းချုပ်ထားသော အချုပ်ခန်းတွင်း၌ ဆိုးရွားစွာ ဆက်ဆံမှုများရှိနေသည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်နေသော်လည်း တရားရုံးက တိုင်ကြားချက်များကို ဖယ်ရှားပေးခြင်းမရှိသည့်အတွက် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ စွပ်စွဲချက်ထွက်ပေါ်လာသည့် နိပ်စက်မှု သာဓကဖြစ်ရပ်များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၅ အရ ညှဉ်း ပန်းခြင်း (သို့) ရက်စက်စွာ၊ လူမဆန်စွာ (သို့) အောက်တန်းကျစွာ ဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီနေပါသည်။ အဆိုပါ စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု တစ် စုံတစ်ရာ ပြုလုပ်ခဲ့သည်ကို FEM အနေဖြင့် တွေ့ရှိခဲ့ခြင်းမရှိပါ။

၆၆(ဃ) အမှု အခြေအနေများ	
အချိုးအစား	**အရေအတွက်**
စုံစမ်းစစ်ဆေးနေဆဲ။ မည်သည့်အမှုများကိုလက်ရှိတွင် စစ်ဆေးနေပြီးမည်သည့်အမှုများကိုအမှုကိုအမှုအဖြစ် တင်ပြထားသည်မှာမရှင်းလင်းပါ။ ဤအမှုများအနက် အချို့တွင် စွပ်စွဲခံရသောတရားခံကို မည်သူမည်ဝါဖြစ်ကြောင်းအတည်ပြုခြင်းနှင့် (သို့) ရှာဖွေခြင်းကိုလုပ်ပိုင်ခွင့်ရှိသည်။	၁၈
တရားစီရင်မှုကိုစောင့်ဆိုင်းနေဆဲ	၅၁
အထောက်အထားမရှိသောကြောင့် ဥပဒေစိစစ်မှုလုပ်ငန်းများအရပယ်ချခံရ။ အမှုလေးခုမှာအပြီးသတ် ပယ်ချခံရပြီး တစ်ခုမှာ နောက်ထပ် ရဲစစ်ဆေးချက်ကိုစောင့်ဆိုင်းနေဆဲ	၅
တရားခွင်ပြင်ပ၌ ညှိနှိုင်းပြီးပြေလည်မှုရရှိ	၁၁
အမှုပြီးစီး၊ ဆုံးဖြတ်ချက်ချမှတ်	၂၁
စုစုပေါင်း	**၁၀၆**

- 65% of complaints are still awaiting some form of resolution. 48% are supported by enough evidence for the prosecution to bring charges and are therefore awaiting trial. 17% are still being investigated.

FEM is concerned that no complaints have been thrown out of court despite allegations of suspects being mistreated while in police custody. Examples of alleged mistreatment are consistent with the definition of torture or cruel, inhuman or degrading treatment or punishment under Article 5 of the Universal Declaration of Human Rights[13]. FEM is not aware of any investigation into these allegations.

Status of 66(d) cases	
Type	**Number**
Under investigation - it is unclear which of these cases are being actively investigated by the police and which have been filed as inactive. In some of these cases, the police have been unable to identify or find the alleged defendant.	18
Awaiting trial.	51
Dropped by the prosecution due to lack of evidence - 4 cases have been dropped completely and 1 case is awaiting the police's further investigation.	5
Settled out of court.	11
Completed, decision handed down.	21
Total	**106**

Convictions and sentencing

100% of defendants have been found guilty by the court of first instance. No defendant has been acquitted. FEM is concerned by the high conviction rate for complaints made under Article 66(d). Such high conviction rates are usually only found where courts are not independent of the government, where defendants are pressured into confessing, or where defendants claiming innocence are punished with higher sentences[14].

ပြစ်မှုထင်ရှားခြင်းနှင့် အပြစ်ဒဏ်ချမှတ်ခြင်း

ကနဦးတွင် တရားစွဲခံရသူ ရာနှုန်းပြည့်သည် ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ်ခံခဲ့ရပါသည်။ မည်သည့် တရား စွဲခံရသူမှ တရားသေလွတ်မြောက်ခြင်း မရှိသေးပါ။ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲသော အမှုတိုင်းတွင် ပြစ်မှုထင် ရှားနှုန်း မြင့်မားနေသည်ကို FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ ယင်းကဲ့သို့သော ပြစ်မှုထင်ရှားနှုန်းမြင့်မား ခြင်းကို တရားရုံးများက အစိုးရလောင်းရိပ်မ လွတ်ကင်းသော အခြေအနေမျိုးတွင်သာ တွေ့ရသော ဖြစ်ရပ် ဖြစ်သည်။ ယင်းအခြေအနေတွင် တရားစွဲခံရသူများကို ဝန်ခံရန် ဖိအားပေးခြင်း (သို့) အပြစ်မရှိကြောင်း ထွက် ဆိုသော တရားစွဲခံရသူများကို ထောင်ဒဏ်များများ ချမှတ်ခြင်းတို့ လုပ်လေ့ရှိပါသည်။

ပုဒ်မ ၆၆(ဃ)အရ ပြစ်မှုထင်ရှားသူများသည် အမြဲတမ်းလိုလို ထောင်ဒဏ် ခြောက်လ ချမှတ်ခံရလေ့ရှိပါ သည်။ ပြစ်မှုထင်ရှားသူ ၁၄%သာလျှင် အခြား ထောင်ဒဏ်များ ချမှတ်ခံခဲ့ရသည်။ ထောင်ဒဏ်များကို တစ် ဦးချင်းယူ ဆချက်ထက် စနစ်တကျ ချမှတ်နေခြင်းဖြစ်ကြောင်း ယင်းအချက်များက ဖော်ပြနေပါသည်။ မည်သို့ ပင်ဆိုစေကာမူ FEM အနေဖြင့် စိုးရိမ်ပူပန်မိသည်မှာ ပြစ်မှုထင်ရှားသူတိုင်းသည် ငွေဒဏ်တပ်ရိုက်ခြင်းမခံရ ဘဲ ထောင်ဒဏ်သာ ချမှတ်ခံနေရခြင်း ဖြစ်သည်။ တရားရုံးများသည် ပုဒ်မ ၆၆(ဃ)အရ အပြစ်ဒဏ်ချမှတ်ရာ တွင် ဥပဒေတွင်ပါရှိသော ပြစ်မှုနှင့်ပြစ်ဒဏ် မျှတမှုမရှိဆုံး ဖြစ်သလို လိုလည်းမလိုအပ်သည့် အပြစ်ဒဏ်ကို အ လွန်အလွန် မှီခိုနေသည်ကိုလည်း ယင်းအချက်က ဖော်ပြနေပါသည်။

လွန်ခဲ့သောနှစ်နှစ်အတွင်း အယူခံတင်သည့်အကြိမ် သုံးကြိမ်သာ ရှိခဲ့သည်။ နှစ်ကြိမ်မှာ တရားစွဲခံရသူ နှစ်ဦး က တင်ခြင်းဖြစ်ပြီး၊ ယင်းတို့အနက် တစ်ဦး ပလပ်ခံရကာ တစ်ဦးမှာ အယူခံနိုင်ခဲ့ပါသည်။ ကျန်တစ်ခုမှာ တိုင်ကြားသူဘက်က ထောင်ဒဏ်တိုးမြှင့်ပေးရန် တောင်းဆိုသော အယူခံဖြစ်သည်။ တရားစွဲခံ ရသူ ၁၄% သာလျှင် ပြစ်မှုနှင့်ပတ်သက်၍ အယူခံဝင်သည်အပေါ် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ ပြစ်မှုထင်ရှားသူများ အယူခံမဝင်ခြင်းမှာ တရားရုံးက အယူခံဝင်သူများကို ထပ်တိုးအပြစ်ဒဏ် ချမှတ်သည်ဟူ ယူဆသောကြောင့် ဖြစ်သည်။

ဆုံးဖြတ်ချက်/အမိန့်များ အမျိုးအစား	အရေအတွက်
ပထမအဆင့် တရားရုံးများ၏ ဆုံးဖြတ်ချက်	၂၁
အပြစ်ရှိ	၂၁
အပြစ်မရှိ (သို့) တရားသေလွတ်	၀
အယူခံဝင်	၃
တိုင်ကြားသူ	၁
တရားစွဲခံရသူ	၂
အယူခံတရားရုံးဆုံးဖြတ်ချက်	၃

People convicted under 66(d) were usually given a sentence of six months imprisonment. Only 14% of those convicted have been given a different length of imprisonment[15]. This demonstrates a level of systematic rather than arbitrary sentencing. However, FEM is concerned that all convicted persons have been sentenced with imprisonment and none have been issued with a fine. This demonstrates that courts sentencing under Article 66(d) overwhelmingly rely on the most disproportionate and unnecessary punishment provided for in the law.

Only three appeals have been made over the past two years. Two appeals have been made by defendants of which one was rejected and one accepted with the guilty decision reversed. One appeal for a longer sentence has been successfully made by a complainant. FEM is concerned that only a low 14% of defendants have appealed against their conviction. Convicted persons do not appeal because they believe that appeals courts punish appellants with extended sentences. Convicted persons are also dissuaded due to the high costs associated with appeals, and a lack of trust in the independence of the judiciary.

Two persons convicted under Article 66(d) have received amnesties from the government. However, in both cases the amnesties were given shortly before the persons completed their sentences and were anyway due for release. Both persons retain criminal records as amnesties do not reverse convictions.

Decisions Type	Number
Decisions by courts of first instance	21
Guilty	21
Not-guilty or acquitted	0
Appeals	3
By the complainant	1
By the defendant	2
Decisions by appeals courts	3

တိုင်ကြားသူ၏ အယူခံလက်ခံပြီးထောင်ဒဏ်တိုးမြှင့်မှု	၁
တရားစွဲခံရသူ၏ အယူခံပယ်ချခံရမှု	၁
တရားစွဲခံရသူ၏ အယူခံအောင်ပြီးလွှတ်မြောက်	၁
လွှတ်ငြိမ်းချမ်းသာခွင့်	၂

Complainant's appeal accepted and sentence increased	1
Defendant's appeal rejected	1
Defendant's appeal accepted and guilty verdict overturned	1
Amnesties	2

လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စများ

ယခင် USDP ပါတီအမတ်ဟောင်းတစ်ဦးသည် ဂန့်ဂေါနယ် ရွာတချို့ကိုစုန်းရွာများဟုအွန်လိုင်းတွင်ရေးသားခဲ့သောကြောင့် ဒီဇင်ဘာ ၂၀၁၆ ခုနှစ်တွင် ဂန့်ဂေါမြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးမှ ပုဒ်မ၆၆(ဃ) ဖြင့်အမှုဖွင့်ခဲ့သည်။ယင်းအမှုသည် ၄င်းUSDP ပါတီအမတ်ဟောင်းကိုယ်တိုင် ကျေးရွာသူတစ်ဦးကိုတိုင်ကြားပြီးသည့်နောက်တွင်မှ ဖွင့်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၄င်း USDP ပါတီအမတ်ဟောင်းတိုင်ကြားခံရသည့်အခါမှသာ ဝန်ကြီးဌာနကိုယ်တိုင် ကြားဝင်ညှိနှိုင်းပေးခြင်းဖြင့် အမှုကျေအေးခဲ့သည်။

တိုင်ကြားသူနှင့် တရားစွဲခံရသူ နှစ်ဦးစလုံးတို့သည် တရားမျှတမှု/စီရင်မှု ရရှိရန် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စများကို ဖြတ်ကျော်ကြရပါသည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ငန်းမတွင်ခြင်း ၊ လုပ်ငန်း အဆင့်ဆင့်ကြောင့် မအောင်မြင်ခြင်းနှင့် လူအခွင့်အရေးချိုးဖောက်မှုတို့ ပါဝင်သည်။

အီလက်ထရွန်းနစ်အထောက်အထား၏ လက်ခံနိုင်မှု

ပုဒ်မ ၆၆(ဃ) အမှုအများစုတွင် အစိုးရရှေ့နေက တရားရုံးသို့တင်ပြသော တစ်ခုတည်းသော အထောက်အထားပစ္စည်းမှာ ရာဇဝတ်မှုမြောက်သည်ဟု စွပ်စွဲထားသော အကြောင်းအရာ (ပုံ/စာ)ကို ပုံရိပ်ဖမ်း (Screenshot)ထားသည်ကို ပရင့်ထုတ်ထားသော စာရွက်/ပစ္စည်း ဖြစ်သည်။ အမြဲတမ်းနီးပါး လူမှုမီဒီယာ ပေါ်မှ လူပုဂ္ဂိုလ်တစ်ဦး၏ ပို့စ်(Post) ကို ပရင့်ထုတ်ထားသော စာရွက်နှင့် ထိုအသုံးပြုသူ၏ Profile ကို ပုံရိပ်ဖမ်း(Screenshot)ထားသည်ကို ပရင့်ထုတ်ထားသော စာရွက်ဖြစ်သည်။

အီလက်ထရွန်းနစ်အထောက်အထား၏ စစ်မှန်မှု၊ ယုံကြည်စိတ်ချနိုင်မှု (သို့) လက်ခံနိုင်မှု ကို စမ်းသပ် စစ်ဆေးရာတွင် တရားဝင်မှုဘောင် (သို့) တရားစီရင်မှုဆိုင်ရာ ညွှန်ကြားချက်တစ်စုံတစ်ရာ မြန်မာနိုင်ငံတွင် မရှိသေးသည့်အပေါ် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ အီလက်ထရွန်းနစ်အထောက်အထားသည် ရိုးရိုး ကွန်ပျူတာ ဆော့ဖ်ဝဲ အသုံးပြု၍ပင် ဖန်တီးရလွယ်ကူလောက်အောင် လွယ်ကူသည်ဟု

Procedural issues

In December 2016, aGant Gawvillager made a complaint under 66(d) against a former-USDP MP who had posted online accusing villagesof having magical powers. The villager's complaint was made after the former-MP had himself made a complaint under 66(d) against one villager. However, after the former-USDP MP became subject to a complaint, the Ministry stepped in to mediate and the case was settled out of court.

Both complainants and defendants face procedural issues when trying to access justice. Procedural issues include inefficiency, failures in due process, and violations of human rights.

Admissibility of electronic evidence

In most 66(d) cases, the prosecution's only material evidence submitted to the court was a printed screenshot of the alleged criminal content - usually a printout of an individual social media post - and a printed screenshot of the user's profile.

FEM is concerned that Myanmar has no legal framework or judicial guidelines on testing the authenticity, reliability, or admissibility of electronic evidence[16]. Electronic evidence is notoriously easy to forge with the use of simple computer software. For example, impersonated social media accounts can be created and screenshots can be graphically manipulated. This raises serious doubts as to how printouts can be reliable sources for indicating culpability.

နာမည်ဆိုးဖြင့်ကျော် ကြားပါသည်။ ဥပမာဆိုပါက၊ တစ်ယောက်ယောက်၏ လူမှုမီဒီယာအကောင့် ပုံစံအကောင့်ကို လွယ်လင့် တကူဖန်တီးနိုင်ပြီး ပုံရိပ်ဖမ်းထားသော Screenshot များကိုလည်း ဂရုပ်ဖစ်နည်းပညာရ ထုတ်လုပ်နိုင်သော အရာ ဖြစ်သည်။ ပရင့်ထုတ်ထားသောအရာများသည် လူတစ်ဦးဦး အပြစ်ရှိကြောင်း ညွှန်းဆိုရန်အတွက် ယုံ ကြည်စိတ်ချရသော ရင်းမြစ်ဖြစ်နိုင်ခြင်း ရှိမရှိကို ယင်းအချက်က သံသယပွားစေပါသည်။

တရားစီရင်မှု စွမ်းရည်နှင့် ဗဟုသုတ

ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲသော တိုင်ကြားချက်ကို ကြားနာရာတွင် နည်းစနစ်စွမ်းရည်နှင့် သိကျွမ်းနားလည်မှု မြင့်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံရှိ တရားသူကြီးအချို့သည် အင်တာနက်နှင့် လူမှုမီဒီယာများ ယခင်က သုံးစွဲဖူးသော်လည်း ၎င်းတို့ရှေ့တွင် တင်သွင်းသော အီလက်ထရွန်းနစ်အထောက်အထားများကို မည်မျှ ယုံ ကြည်စိတ်ချရသည်ကို စမ်းသပ်စစ်ဆေးရန် သက်ဆိုင်ရာ စွမ်းရည်၊ အတွေ့အကြုံ (သို့) လမ်းညွှန်ချက်များ မရှိတတ်ကြသည့်အပေါ် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။

အခြားနိုင်ငံများတွင် တရားသူကြီးများသည် အမှုအခိုကင်းသော ကျွမ်းကျင်ပညာရှင်များ (သို့) ပညာရပ်ဆိုင်ရာ သက်သေထွက်ဆိုချက်ကို အားထားကြပါသည်။ သို့သော် မြန်မာနိုင်ငံ၌မူ ရဲတပ်ဖွဲ့သည် အမှုစစ်ဆေးရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အမှုအခိုကင်းသော အဖွဲ့အစည်းမဟုတ်သည့်ကြားက ရဲတပ်ဖွဲ့၏ သက်သေထွက်ဆိုကိုသာ တစ်ခုတည်းသော ပညာရပ်ဆိုင်ရာထွက်ဆိုချက်အဖြစ် သတ်မှတ်နေပါသည်။ FEM အနေဖြင့် စိုးရိမ်ပူပန်မိသည်မှာ ၆၆(ဃ)အမှု များစွာတွင် မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ရေးကျွမ်းကျင်မှုကြောင့် ကောင်းစွာ အသိအမှတ်ပြုခံရသော အဖွဲ့အစည်းများ၏ ပညာရပ်ဆိုင်ရာသက်သေထွက်ဆိုချက်များကို တရားရုံးက အသိအမှတ်မပြုခြင်း ဖြစ်သည်။ ရလဒ်မှာ ၆၆(ဃ)အမှုများတွင် တရားခံရှေ့နေများဘက်ကပါ ပညာရပ်ဆိုင်ရာသက်သေထွက်ဆိုချက်များ တင်ရန် မကြိုးစားတော့ခြင်း (သို့) အသုံးမပြုတော့ခြင်းပင် ဖြစ်သည်။

အတည်တကျမရှိ၊ တရားသူကြီး စိတ်ရှိတိုင်းဆောင်ရွက်နိုင်သော အာမခံ

ပုဒ်မ ၆၆(ဃ)သည် ရာဇဝတ်မှု ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့်အတွက် တရားစွဲခံရသူများသည် အမှုစစ်ဆေးနေစဉ်အတွင်း အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည်။ တရားစွဲခံရသူများသည် အမှုဖွင့်တိုင်ကြားခံရချိန်မှစ၍ (၅)လမှ (၇)လအတွင်း စောင့်ဆိုင်းကြရသည်။ ယင်းအချိန်တွင် တရားရုံးက တရားစွဲခံရသူကို အာမခံ ပေး/မပေး ဆုံဖြတ်ခွင့်ရှိသည်။ FEM အနေဖြင့် စိုးရိမ်ပူပန်မိသည်မှာ အာမခံပေးရန်ဆုံ ဖြတ်ချက်သည် အတည်တကျမဟုတ်ဘဲ စိတ်ထဲရှိသလို ပေးနေခြင်းဖြစ်သည်။ အာမခံ မရသော တရားခံများသည် ပြစ်မှုထင်ရှားလျှင်ကျခံရမည့် ကာလထက်ပို၍ အကျဉ်းထောင်အတွင်း နေကြရသည်။ ဤသုတေသနကို စတင်ပြုစုချိန်တွင် တရားရုံးများသည် အာမခံပေးလေ့မရှိခဲ့ကြပါ။ သုတေသနကာလပြီးဆုံးချိန် နှင့် ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ချက်ထွက်ရှိပြီးနောက်တွင် တရားရုံးများတွင် အာမခံပေးလာကြသော်လည်း လက်ရှိတွင်

Judicial skills and knowledge

Hearing complaints made under Article 66(d) requires a high level of technical skills and understanding. Although some of Myanmar's judges have accessed the internet and used social media before, FEM is concerned that they do not usually have the relevant skills, experience, or available guidelines to test the reliability of the electronic evidence put before them.

In other countries, judges rely on independent experts or expert testimony. However, judges in Myanmar often regard the police's testimony as the only necessary expert opinion, even though the police are part of the prosecution and are therefore not independent. FEM is concerned that in several 66(d) cases, courts have disregarded expert testimony from organisations that are well-regarded in Myanmar for their digital expertise. As a result, defence lawyers generally no longer seek or use expert testimony in 66(d) cases.

Arbitrary bail

Article 66(d) is a criminal provision and therefore defendants are detained in prison while awaiting trial. Defendants wait on average 5-7 months after being charged, and courts have the option to use bail provisions to release defendants from prison during this period. FEM is concerned that bail decisions appeared to be arbitrary. Without bail, defendants are often in prison for a longer time than they would have been if they were found guilty at the start. At the beginning of the research period courts were unlikely to give bail. At the end of the research period, and following the Telecommunications Law Amendment, courts were more likely to give bail.

Although courts are now more likely to give bail, the time between charge and trial has grown from an average of 5-7 months to an average of one year. FEM is concerned that while this delay may be the result of inefficiency across the judicial system as a whole, it increases stress for those involved.

တရားရုံးများတွင် တရားစီရင်မှုကြာချိန်မှာ (၅)လ မှ တစ်နှစ်ခွဲအထိ ပျမ်းမျှကြာချိန်ရှိသည်။ ယင်းကြန့်ကြာမှုသည် တရားစီရင်ရေး ကဏ္ဍတစ်ခုလုံး၏ လုပ်ငန်းမတွင် ခြင်း၏ ရလဒ်တစ်ခုဖြစ်နိုင်ပြီး တရားစီရင်ရေးကိစ္စတွင် ပါဝင်သူအားလုံးကို စိတ်အနှောင့် အယှက်ဖြစ်စေသောကြောင့် FEM အနေဖြင့် စိုးရိမ်ပူပန်မိသည်။

တရားမျှတမှု

ပုဒ်မ ၆၆(ဃ)ဖြင့် တိုင်ကြားသူသည် နိုင်ငံရေးပါတီဝင်၊ ပြည်သူ့ဝန်ထမ်း၊ အရာရှိ(သို့မဟုတ်) ချမ်းသာ ကြွယ်သူကဲ့သို့ သြဇာရှိသူတစ်ဦးဖြစ်ပါက ရဲတပ်ဖွဲ့က တိုင်ကြားချက်ကို ပိုလက်ခံနိုင်ခြေရှိသည်။ တိုင်ကြားသူသည် သြဇာရှိသူမဟုတ်ပါက (သို့မဟုတ်) အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ၎င်းအပေါ် ခြောက်လှန့်တောင်ယူခံရခြင်း၊ လိမ်လည်ခြင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအပါအဝင် ခြိမ်းခြောက်သည့်အပြုအမူများနှင့်ပတ်သက်၍ ၆၆(ဃ)ဖြင့် စွပ်စွဲတိုင်ကြားပါက ရဲတပ်ဖွဲ့က လက်ခံနိုင်ခြေနည်းသည့်အပေါ် FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။

ဝန်ကြီးဌာန၏ အခန်းကဏ္ဍ

ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုသော အမှုသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနထံမှ ခွင့်ပြုချက်မရဘဲ အမှုကြားနာခွင့်မရှိနိုင်ကြောင်း ဆက်သွယ်ရေးဥပဒေတွင် ဖော်ပြထားသည်။ ဝန်ကြီးဌာန သည် မည်သို့မည်ပုံ ဆုံးဖြတ်ချက်ချကြောင်း၊ တိုင်ကြားချက်မည်မျှလက်ခံရရှိကြောင်း၊ မည်မျှခွင့်ပြုကြောင်း (သို့မဟုတ်) မည်မျှပယ်ချခဲ့ကြောင်း ထုတ်ဖော် ပြောကြားခြင်းမရှိပါ။ ယင်းအချက်ကြောင့် ဝန်ကြီးဌာနသည် ပွင့်လင်း မြင်သာမှုနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် အကာအကွယ်မရှိဘဲ တိုင်ကြားသူတစ်ဦး၏ တရားမျှတမှု ရရှိခွင့်အပေါ် သိသိသာသာ ထိန်းချုပ်ခွင့်ရရှိနေခြင်းကို FEM အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။

အမှုဖွင့်တိုင်ကြားသူသည် တိုင်ကြားချက်ကို ရုပ်သိမ်းရန် ဝန်ကြီးဌာနထံမှ ခွင့်ပြုချက်လိုအပ်သည်ဟု ဥပဒေတွင် မဖော်ပြထားသော်လည်း အမှန်တကယ်တွင် တရားရုံးက ယင်းသို့ လုပ်ဆောင်ခိုင်းနေပါသည်။ ဝန်ကြီးဌာနထံမှ ခွင့်ပြုချက်တစ်ခုရရှိရန် ပျမ်းမျှ(၃)လခန့်စောင့်ဆိုင်းရပါသည်။ ယင်းအချက်သည် အမှုများနှင့် ပတ်သက်၍ တရားရုံးပြင်ပ၌ ဆုံးဖြတ်ခွင့်ကို ဟန့်တားကြန့်ကြာစေသည့်အတွက် FEM အနေဖြင့် စိုးရိမ်ပူပန်နေပါသည်။

Access to justice

Complaints made under Article 66(d) are more likely to be accepted by police and properly investigated if the complainant is an influential person, such as a member of a political party, a public official, or a wealthy person. FEM is concerned that complaints are less likely to be accepted and investigated if the complainant is not influential or if the complainant is a woman making allegations under 66(d) in relation to extortion, fraud, or threatening behaviour, including sexual harassment.

Ministry role

The Telecommunications Law says that complaints under Article 66(d) cannot proceed to trial without permission from the Ministry of Transport and Communications. The Ministry does not publish how decisions are made, how many complaints are received, how many are permitted, or how many are rejected. FEM is concerned that this gives the Ministry significant control over a complainant's access to justice, without any safeguards for ensuring transparency and due process.

The Law does not say that complainants must get permission from the Ministry to withdraw their complaints, but in practice the courts ask for this. The process of getting permission from the Ministry takes an average of three months. FEM is concerned that this deters and delays the desirable resolution of cases outside the court.

နိဂုံး - Conclusion

ပြီးခဲ့သော နှစ်နှစ်အတွင်း အာဏာရှိသူများ အထူးသဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်သောသူများသည် ၎င်းတို့ပေါ်ဝေဖန်မေးခွန်းထုတ်သည့် စာများ အွန်လိုင်းပေါ်၌ ရေးသားသူများအား အပြစ်ဒဏ်တိုးမြှင့်ရန် ပုဒ်မ ၆၆ (ဃ)ကို လက်နက်သဖွယ်အသုံးပြုခဲ့ပါသည်။

ပုဒ်မ၆၆(ဃ)သည် အလွန်အဓိပ္ပာယ်ဝေဝါးသောကြောင့် အခြေခံအားဖြင့် ဒီမိုကရေစီနည်းမကျပါ။ အကယ်၍ ပုဒ်မ၆၆(ဃ)ကိုသာ တိတိပပ အဓိပ္ပာယ်ဖွင့်ဆိုခဲ့မည်ဆိုပါက တိုင်ကြားမှု အနည်းဆုံး သုံးပုံနှစ်ပုံသည် ပယ်ချခံခဲ့ရမည်ဖြစ်သည်။ ယင်းဥပဒေ၏ အဓိပ္ပာယ်ဝေဝါးမှုကို မြန်မာနိုင်ငံ ရာဇသတ်ကြီး ဥပဒေတွင် အသုံးပြုနေသော အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် ညှိနှိုင်းဖော်ပြရန် ကြိုးပမ်းခဲ့သော်လည်း တရာရုံးများတွင် အရာမထင်ခဲ့ပါ။

၆၆(ဃ)နှင့် ပတ်သက်၍ ပြည်သူလူထု၏ မကျေနပ်မှုကို တုန့်ပြန်သည့်အနေဖြင့် အစိုးရသည် ၂၀၁၇ ခုနှစ် သြဂုတ်လတွင် ဥပဒေကို ပြင်ဆင်ခဲ့ရာ တိုင်ကြားရန် အကြောင်းအရင်း (၇)ချက်မှ (၄)ချက်အထိ လျော့ချခဲ့သည်။ သို့သော် ပြင်ဆင်ချက်အရ အစိုးရ ဖယ်ရှားလိုက်သောအချက်များထဲမှ တစ်ခုသည်ပင် အမှုတိုင်ကြားရာတွင် အသုံးပြုခဲ့သည်ကို FEM အနေဖြင့် စစ်ဆေးတွေ့ရှိခဲ့ ခြင်းမရှိပါ။ ထို့ကြောင့် ဥပဒေပြင်ဆင်ချက်သည် သိသာ ထင်ရှားသော ထိရောက်မှုမရှိပါ။

ရလဒ်အနေဖြင့် တရားရုံးသို့ ရောက်ရှိလာသောအမှုတိုင်းသည် ပထမအဆင့် တရားရုံးများ၌ စစ်ဆေးရာတွင် ပြစ်မှုထင်ရှားသည်ဟု အမိန့်ချခံရပြီး ပြစ်မှုထင်ရှားသော အမှုတိုင်းတွင် ပြင်းထန်သော ထောင်ဒဏ်များ ချမှတ်ခံကြရပါသည်။
တရားစွဲခံရသူ/တရားခံများသည် အယူခံဝင်ပါက အယူခံတရားရုံးက ပို၍အပြစ်ပေးမည်ဟု ယူဆသော ကြောင့် အယူခံ မဝင်ကြပါ။

လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များရှိသော်လည်း ပြစ်မှုထင်ရှားသည်ဟု အမိန့်ချခံရသော အမှုတိုင်းသည် ပြီးစီးခဲ့ပါသည်။ အစိုးရရှေ့နေများ အမှုစစ်ရာ တွင် မခိုင်မာသောအထောက်အထားများကို မှီခိုအားထားသလို အတွေ့အကြုံမရှိသော တရားရုံးများကလည်း ပညာရပ်ဆိုင်ရာ သက်သေ ထွက်ဆိုချက်များကို မနာကြားလို ကြပါ။
တရားစီးရင်မှုကြန့်ကြာ နေချိန်တွင် တရားစွဲခံရသူ/တရားခံများသည် အာမခံမရဘဲ အကျဉ်းထောင်ထဲ တွင်နေကြပါရသည်။
တရားခံများအပေါ် ဆိုးရွားစွာဆက်ဆံသည်ဟူသော စွပ်စွဲချက်များကိုလည်း အစိုးရက လျစ်လျူရှုထားပါသည်။

Over the past two years, Article 66(d) has been the tool of choice for those in positions of power, particularly related to the state, who want to extend their punishment of people who are trying to hold them accountable, online.

Article 66(d) is fundamentally undemocratic because it is so vague. At least two-thirds of all complaints would have been rejected if 66(d) was properly defined. Attempts to deal with the law's vagueness by referencing the definitions used in Myanmar's Penal Code have been unheeded in courts.

The government responded to public outcry against 66(d) by amending the law in August 2017 and reducing the grounds for complaint from seven to four. However, FEM has not identified a single complaint based on the grounds that the government removed from the amendment. As such, the amendment has made no discernible impact.

Every single case brought before a court of first instance has resulted in a guilty verdict, and every single guilty verdict has resulted in a comparatively harsh term of imprisonment. Defendants do not appeal because they believe that appellant courts will punish them more for doing so.

Each guilty verdict has been reached despite significant procedural issues. Prosecutions rely on unreliable evidence, and inexperienced courts are unwilling to listen to expert testimony. Trials are delayed while defendants remain in prison without bail. Allegations of mistreatment of defendants are ignored.

တစ်ချိန်တည်းတွင် တရားဥပဒေဆိုင်ရာ ပူပန်စရာကိစ္စ ရှိသူများ၊ အာဏာမရှိသူ၊ ဩဇာမရှိသူများသည် ၎င်းတို့၏ နစ်နာမှုများအတွက် လိုချင်သည့် တရားစီရင်မှုကို ဆုံးရှုံးနေကြရပါသည်။ ဩဇာမရှိသူများ၊ အမျိုးသမီးများ ခြောက်လှန့်တောင်းယူခံရမှု၊ ခြိမ်းခြောက်မှုတို့နှင့်ပတ်သက်ပြီး တိုင်ကြားဇ သာအမှုများမှာလည်း စုံးစမ်းခံရနိုင်ခြေ နည်းပါးနေပါသည်။ တိုင်ကြားချက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လျှို့ဝှက်စွာ ထိန်းချုပ်ထားပြီး တိုင်ကြားချက်တစ်ခုကို အမှုအဖြစ် လက်ခံရန် (သို့မဟုတ်) ဖြေရှင်းညှိနှိုင်းမှုရရှိပါက ရုတ်သိမ်းရန် သိသာထင်ရှားသော ကာကွယ်မှုမရှိဘဲ ဝန်ကြီးဌာန ကသာ ဆုံးဖြတ်နေပါသည်။

အချုပ်ဆိုရသော် ၂၀၁၇ ပြင်ဆင်ချက်ကို ပြုလုပ်ခဲ့သော်လည်း တိုင်ကြားမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး၊ ဝေဖန်မှုနှင့် ဝေဖန်သံများကို ဆင်ဆာထိန်းချုပ်ရန် ယခင်မူလ Tool ကို ဥပဒေမှ ချန်ရစ်ထားဆဲဖြစ်လေသည်။ ဒီမိုကရေစီတွင် ၆၆(ဃ) အတွက် နေရာမရှိသည်ကို မြန်မာအစိုးရမှ သတိပြုသင့်ပြီး၊ ယင်းကို လုံးဝအပြီးတိုင် ပယ်ဖျက်ဖို့ရန် လိုအပ်နေပါသည်။

At the same time, complainants with legitimate concerns and who are not powerful or influential are unlikely to get the redress that they want. Complaints are less likely to be properly investigated if they are made by people who are not influential, or by women, or are related to threats or extortion. The complaints are opaquely controlled by the Ministry of Transport and Communications who decide without any apparent safeguards whether a complaint can go to trial or be withdrawn if settled elsewhere.

In conclusion, despite the 2017 amendment, cases are continuing and the law remains a primary tool for censoring criticism and silencing critics. The Myanmar government should recognise that there is no place in a democracy for 66(d), and it needs to be completely repealed.

---

[1]For a full breakdown of the problem with each law and article, and an explanation of the relevant international standards, see www.FreeExpressionMyanmary.org/laws/

[2] ITU (2016) ICT Development Index https://www.itu.int/net4/ITU-D/idi/2017/index.html#idi2017economycard-tab&MMR

[3] "Rights of others" only covers those rights established in the International Covenant on Civil and Political Rights, and other similar international human rights laws, GC34, para 28.

[4] Moral concepts are subjective and any limitation for the purpose of protecting morals must be based on principles not deriving exclusively from a single tradition, and must not undermine the universality of human rights or the principle of non-discrimination, GC34, para 32

[5] For a full breakdown of the problem with each law and article, and an explanation of the relevant international standards, see www.FreeExpressionMyanmary.org/laws/

[6] GC34, para 47. In addition, international law says that defamation laws should not protect institutions, such as the army or the administration (GC34, para 38).

[7] In circumstances of public debate concerning public figures in the political domain and public institutions, the value placed by international law upon uninhibited expression is particularly high (GC34, para 38). This includes that legal provisions prohibiting blasphemy or other displays of a lack of respect for a religion or other belief system, including criticism of religious leaders or commentary on religious doctrine and tenets of faith, are unacceptable limitations on the right to freedom of expression (GC34, para 48).

[8] Handyside v. the United Kingdom, 7 December 1976, Application No. 5493/72 (European Court of Human Rights)

[9] Handyside v. the United Kingdom, 7 December 1976, Application No. 5493/72 (European Court of Human Rights)

[10] See communication No. 736/97, Ross v. Canada, Views adopted on 18 October 2000.

[11] FEM was also concerned that 38% of complainants rely directly on the right to freedom of expression to do their professional work (political party-related, journalists, religious supporters, arts-related persons, and human rights defenders).

[12] In one of these cases, there are allegations that the prosecution was pressured by outside interests to drop the complaint.

[13] For example, one interviewee convicted under Article 66(d) alleged that after being arrested, they were placed in a "diplomacy room" in which seven men dressed in plain clothes asked the same repeated questions for two days in a row without a break.

[14] For example, see reports on Russia's or China's similarly high conviction rates of over 99%: https://www.thetimes.co.uk/article/russian-conviction-rate-is-higher-than-under-stalin-hj2v7f0bg and https://www.washingtonpost.com/news/morning-mix/wp/2014/03/11/china-scored-99-9-percent-conviction-rate-last-year/?utm_term=.6823a66d4b8a

[15] San Shwe, vice-chairperson for Pathein NLD, received 3 months prison term. Aung Win Hlaing (aka AnyarThar), chair-person of Myawaddy Development Support for the NDF, received 9 months prison term. Shane Aung, in Tamwe Township, received 2 years prison term.

[16] The Philippines hasfor example adopted the E-Commerce Law (2000) and the Rules on Electronic Evidence (2001), which says that an electronic document is considered the functional equivalent of a paper-based document. Article 5 of the Rules provides that, "before any private electronic document offered as authentic is received in evidence, its authenticity must be proved by any of the following means: (a) by evidence that it had been digitally signed by the person purported to have signed the same; (b) by evidence that other appropriate security procedures or devices as may be authorized by the Supreme Court or by law for authentication of electronic documents were applied to the document; or (c) by other evidence showing its integrity and reliability to the satisfaction of the judge."

၆၆(ဃ): စစ်မှန်သည့် ပြောင်းလဲခြင်းမရှိ

ဆက်သွယ်ရေးဥပဒေမပြင်ဆင်ရသေးခင်နှင့် ၂၀၁၇ခုနှစ် ပြင်ဆင်ချက်အပြီးကာလအတွင်း တိုင်ကြားမှုများအကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာချက်။

လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)] သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အရေးတွင် နှံ့စပ်သော၊ ဥပဒေပြုပြင်ပြောင်း လဲရေးတွင် ပါဝင်ဆောင်ရွက်နေသော၊ ဥပဒေချိုးဖောက်ခံရသူများကို ကာကွယ်နေသော၊ ထို့အပြင် အကောင်းဆုံး နိုင်ငံတကာ အလေ့အထကောင်းများကို အလေးဂရုပြုလာအောင် လုပ်ဆောင်နေသော အဖွဲ့ အစည်းတစ်ခု ဖြစ်ပါသည်။

66(d): No real change

An analysis of complaints made before and after the 2017 legal amendment.

Free Expression Myanmar (FEM) is a national human rights organisation that is expert in free expression and information, engaging in legal reform, defending victims of violations, and promoting best international standards.

FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ